# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (27-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၃၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုညစာ စားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဥပစာရင်ပြင်၌ ကျင်းပ ပြုလုပ်သည်။

အကြိုဂုဏ်ပြုညစာစားပွဲစတင်ကျင်းပချိန်တွင် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို

**စာမျက်နှာ ၁၆ ကော်လံ ၁ ⇨**




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့အတွက် ကောင်းကျိုးပေးဆပ် မွန်မြတ်တပ်မတော်

မြန်မာတပ်မတော်သည် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီသူ့ကျွန်ဘဝကျရောက်၍ ဖိနှိပ်ခံနေရချိန် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ သန္ဓေတည်ပေါက်ဖွားခဲ့သော တပ်မတော်ဖြစ်ပေသည်။ ပြည်သူနှင့်အတူ နယ်ချဲ့ဖက်ဆစ်တို့ကို တော်လှန်တိုက်ပွဲများကိုဆင်နွှဲ၍ ကောင်းမြတ်သော အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းကာ နိုင်ငံတော်ကို ခေတ်အဆက်ဆက်ကာကွယ်စောင့်ရှောက်ခဲ့သည်မှာ ယနေ့ဆိုလျှင် ၇၉ နှစ်မြောက် တပ်မတော်နေ့သို့ရောက်ရှိပြီဖြစ်ပြီး စိန်ရတုကျော်ကာ နဝရတ်ရတု၊ ရာပြည့်ရတုကာလဆီသို့ ရဲရင့်ပြတ်သားစွာဂုဏ်ယူလျှောက်လှမ်းနေပြီဖြစ်ပါသည်။

တပ်မတော်သည် ပြီးခဲ့သည့် အတိတ်ကာလ ရတုအဆက်ဆက်တွင် နိုင်ငံနှင့်လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးကို မညည်းမညူလုပ်ဆောင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုရောက်ဆဲပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံနှင့်လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး၌ တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်၏ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှသည် တပ်မတော်အတွက်မဟုတ်ဘဲ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူအားလုံး ကောင်းကျိုးဖြစ်ထွန်းစေရန် ကိုယ်ကျိုးမငဲ့မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့်လုပ်ဆောင်နေခြင်းပင်ဖြစ်ပါသည်။

တပ်မတော်သည် နိုင်ငံ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကိုထိန်းသိမ်းကာကွယ်ခဲ့ခြင်း၊ ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်နှင့်ကြုံတွေ့ခဲ့ရသော ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရအဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အဖြစ်လည်းကောင်း တိုင်းပြည်ကိုထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်း စသောမွန်မြတ်သောတာဝန်ကြီးများကို အခက်အခဲအကျပ်အတည်းပေါင်းစုံကြားမှ ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့သည်။

ထို့ပြင် မဝေးသေးသောအတိတ်ကာလ၌လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အာဏာရပါတီ၏ သန့်ရှင်းမှုမရှိသောမဲမသမာမှုနှင့် အခြားသောရွေးကောက်ပွဲပြဿနာများမဖြေရှင်းဘဲ လွှတ်တော်အသီးသီးခေါ် ယူခြင်း၊ အစိုးရဖွဲ့ရန်တစ်ဖက်သတ်ဆောင်ရွက်ခဲ့မှုတို့ကြောင့် ဖြစ်ပေါ်ခဲ့ရသော နိုင်ငံတော်၏အရေးပေါ်အခြေအနေများအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူခဲ့ရသည်။ ထို့နောက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖြစ်ဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ဖြင့် နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများအကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဖော်ဆောင်လျက်ရှိပေသည်။

တပ်မတော်သည် မည်သည့်ခေတ်၊ မည်သည့်အစိုးရလက်ထက်တွင်ဖြစ်စေ ပြည်သူသာအမိ၊ ပြည်သူသာအဖ ဟုခံယူပြီး နိုင်ငံတော်ကိုပါတီစုံစနစ်ပေါ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသူအဖြစ်လည်းကောင်း၊ ပြည်သူ့အကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ **Guardian** အဖြစ်လည်းကောင်း အစဉ်အမြဲဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

မကြာသေးမီက အာဏာတည်ခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်ရေးအမြင်ရှိသူ ကာကွယ်ရေး အင်အားများတိုးပွားလာမည်ဖြစ်ရာ တပ်မတော်အင်အားနှင့်ထပ်တူ တိုင်းပြည်သည်လည်း အင်အားတောင့်တင်းခိုင်မာနေမည်ဖြစ်ပါသည်။ ထို့ပြင် တပ်မတော်နှင့်ပြည်သူတို့လည်း အချင်းချင်းပိုမိုနားလည်လာပြီး ပြည်သူချစ်သော တပ်မတော်ကြီးသည်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ယခု ၇၉ နှစ်မြောက် တပ်မတော်နေ့မှသည် နောင်ရတုအဆက်ဆက် အစဉ်တစိုက်ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါသည်။

# မန္တလေးသင်္ကြန်ပွဲတော်အတွက် ၂၆လမ်းတွင် ရေကစားမဏ္ဍပ်ကြီးရှစ်ခု၊ ၆၆လမ်းတွင် ရေကစားမဏ္ဍပ်ကြီးသုံးခုနှင့် မဏ္ဍပ်အသေး ၁၄ခု ခွင့်ပြုပေးထား



ယခင်နှစ်က သင်္ကြန်ပွဲတော်ကို တွေ့ရစဉ်။

**မန္တလေး မတ် ၂၆**

မန္တလေးမြို့ သင်္ကြန်ပွဲတော်အတွက် ကျုံးဘေး ၂၆ လမ်းတွင် ရေကစားမဏ္ဍပ်ကြီး ရှစ်ခု၊ ၆၆ လမ်းတွင် ရေကစားမဏ္ဍပ်ကြီး သုံးခုနှင့် မဏ္ဍပ်အသေး ၁၄ ခု ခွင့်ပြုနေရာချပေးထားကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

လာမည့်ဧပြီလတွင် ကျင်းပမည့် မြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော်ကာလကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အချက်အချာကျသည့် ကျုံးဘက်တွင် ရေကစားမဏ္ဍပ်ကြီးများကို ခွင့်ပြုနေရာချထားပေးလျက်ရှိကြောင်း၊ ထိုသို့ခွင့်ပြုနေရာ ယနေ့ထိ ရေကစားမဏ္ဍပ်များ ဆောက်လုပ်ရန် လျှောက်ထားရာ၌ ၂၆ လမ်းတွင် ရေကစားမဏ္ဍပ်ကြီး ရှစ်ခု၊ ၆၆ လမ်းတွင် ရေကစားမဏ္ဍပ်ကြီး သုံးခုနှင့် ရေကစားမဏ္ဍပ်အသေး ၁၄ ခု ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

"အခုနှစ် မန္တလေးမြို့ ကျုံးဘေး ၂၆ လမ်းဘက်မှာတော့ လမ်းလျှောက်သင်္ကြန်လဲ ထည့်သွင်းကျင်းပသွားမှာပါ။ လမ်းလျှောက်သင်္ကြန်ကိုတော့ ၂၆ လမ်း၊ ၆၆ လမ်းနဲ့ ၇၁ လမ်းထိပဲ ကျင်းပပြုလုပ်သွားမှာပါ"ဟု ဦးတင်ထွန်းဦးက ပြောပြသည်။

ယခုနှစ် မန္တလေးမြို့ သင်္ကြန်ပွဲတော်ကာလတွင် ထူးခြားချက်အနေဖြင့် ၂၆ လမ်း၊ ၇၁ လမ်းမှ လမ်း ၈၀ ထိ ကျုံးဘေးကပ်လျက်တွင် ရေကစားမဏ္ဍပ်ကြီးများ ဆောက်လုပ်ကာ ရေပက်ခံကားများကို ဝင်၊ ထွက်ခွင့်ပြုပြီး ရေပက်ခံထွက်နိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ကျုံးအရှေ့ဘက် ၆၆ လမ်းတွင် ရေကစားမဏ္ဍပ်ကြီး ဆောက်လုပ်ကာ ရေပက်ကစားလိုသူများအနေဖြင့်လည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနသို့ ဧပြီ ၁၀ ရက်ထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

"အခုနှစ် သင်္ကြန်ပွဲတော်မှာ မန္တလေးမြို့ ၇၃ လမ်း၊ သိပ္ပံလမ်းနဲ့ သဇင်လမ်းကြားမှာလဲ မင်္ဂလာမန္တလေးရေကစားမဏ္ဍပ်ကြီးတစ်ခုကို ခွင့်ပြုပေးထားပါတယ်။ အခုနှစ် မန္တလေးသင်္ကြန်ပွဲတော်မှာ ပါဝင်ဆင်နွှဲပျော်ရွှင်စွာ ရေကစားမဲ့သူတွေအပါအဝင် ရေပက်ခံထွက်မဲ့သူတွေပါ စည်းကမ်းတကျနဲ့ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြဖို့လိုပါတယ်။ မန္တလေးကျုံးဘေးပတ်လည်မှာလဲ ရေကစားမဲ့သူတွေ အန္တရာယ်ကင်းရှင်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လည်ပတ်နိုင်ဖို့ လုံခြုံရေးကိုလဲ ပူးပေါင်းအဖွဲ့တွေနဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

(၁၈၄)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် နိုင်လွန်ပဲ အရောင်းအဝယ်ကောင်းလာ

**မန္တလေး မတ် ၂၆**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် နိုင်လွန်ပဲ အရောင်းအဝယ်ကောင်းလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် နိုင်လွန်ပဲကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်း၌လည်း နိုင်လွန်ပဲကို ကုန်သည်များက အဝယ်လိုက်လာကြောင်း သိရသည်။

"နိုင်လွန်ပဲတွေကို အခုလက်ရှိအချိန်မှာ ပြည်ပကကော၊ ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ်ကောင်းနေတဲ့အနေအထားမှာရှိနေပါတယ်။ မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာလဲ နိုင်လွန်ပဲ အရောင်းအဝယ်ပြန်ပြီး ကောင်းနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပြည်တွင်းတွင် နိုင်လွန်ပဲကို စစ်ကိုင်းတိုင်းဒေသကြီး၌ အများဆုံး စိုက်ပျိုးလေ့ရှိပြီး ပြည်တွင်းဈေးကွက်အပြင် အိန္ဒိယနိုင်ငံဘက်ကလည်း ဝယ်ယူမှုများရှိကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နိုင်လွန်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ

**မန္တလေး မတ် ၂၆**

မန္တလေးဈေးကွက်အတွင်း ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း မကွေး၊ ငပဲ၊ သာစည်၊ ကျောက်ဆည်၊ ကူမဲ၊ မြစ်သား၊ ဟံမြင့်မိုရ်၊ ရမည်းသင်း၊ မုံရွာဒေသတို့မှ ငရုတ်သီးခြောက်များ ဝင်ရောက်နေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ဒီအချိန်မှာ ငရုတ်သီးခြောက်က နယ်စုံဒေသကနေ ထွက်ရှိနေတာပါ။ ငရုတ်သီးကို အစိုရောင်းတာရှိသလို အခြောက်ကိုလဲ ရောင်းချကြပါတယ်။ အခု ငရုတ်သီးခြောက်တွေကို ပြည်တွင်းဈေးကွက်တွေမှာ ဖြန့်ဖြူးရောင်းချပေးနေပါတယ်။ ဈေးကောင်းတွေရရှိနေပြီး အရောင်းအဝယ်တွေကောင်းနေပါတယ်။ ဒီနှစ် ငရုတ်အထွက်နှုန်းလဲ ကောင်းမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်သီးခြောက်များကို မြဝတီဈေးကွက်နှင့် တရုတ်နိုင်ငံဈေးကွက်သို့လည်း တင်ပို့ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ငရုတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဘိုကလေးမြို့နယ် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဘိုကလေး မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနန္ဒာထိုက်နှင့် တာဝန်ရှိသူများက ဘိုကလေးမြို့နယ် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနန္ဒာထိုက်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘိုကလေးမြို့နယ် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၄ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၉၂ ဒသမ ၅၆ သန်းဖြင့် ဘိုကလေးမြို့နယ် လမ်းဦးစီးဌာနက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကတ္တရာလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ ပို့ဆောင် ရောင်းချပေးခြင်းဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ဖျာပုံခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက်(၄၂၉) မာလကာခြံရပ်နေ မမေမိုးအေးက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်း၊ ကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲများတွင် ၂၃၃၄၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မင်းကင်း မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲများတွင် ၂၃၃၄၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၃၃၄၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၉ ဒသမ ၃၁ တင်း ထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၄၅၆၇ ဧက စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကို ဖေဖော်ဝါရီလကနေ စတင်နုတ်သိမ်းနေတာ ဒီနေ့ထိ ၂၃၃၄၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ခင်းတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၄၅၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၄၅၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲစိုက်တောင်သူများကို မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းထံမှ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၄၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေငံရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၉ ဒသမ ၅၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ် ၄၇ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မင်းလှမြို့နယ် ဇီးတောကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘွဲ့ကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇီးတောကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၈၄ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၂ ဦးကို ငွေကျပ် ၆၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၄ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၁ ဦးကို ငွေကျပ် ၈၄ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**



# ဥသာမြို့တော်နှင့် ရှေးဟောင်းအဆောက်အအုံများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

(ယခင်တစ်ပတ်မှအဆက်)

**ဦးခန့်နှင့် ပဲခူးဟင်္သာကုန်းစေတီ**

ဘုရင့်နောင်မင်းတရားလက်ထက် သက္ကရာဇ် ၉၂၄ ခုနှစ် တပေါင်းလပြည့်နေ့ အင်္ဂါနေ့တွင် ကုန်းပေါ်၌ ပုညရတနာစေတီကို ထီးတော်တင်ခဲ့ကြောင်းနှင့် အလောင်းမင်းတရား ဦးအောင်ဇေယျသည် သက္ကရာဇ် ၁၁၁၈ ခုနှစ် ပြာသိုလဆန်း ၂ ရက် ဗုဒ္ဓဟူးနေ့တွင် ပုညရတနာစေတီတော်၌ ရွှေစောင်းတန်းဆောက်လုပ် လှူဒါန်းခဲ့ကြောင်း ဟင်္သာကုန်းဘုရားသမိုင်း၌ ဖော်ပြထားသည်။

အဆိုပါစေတီတော်သည် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက်တွင် ငလျင်ဒဏ်ခံခဲ့ရပြီး ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည်။ လက်ရှိစေတီတော်ကို သက္ကရာဇ် ၁၂၈၅ ခုနှစ်တွင် ရသေ့ကြီးဦးခန့်က တည်ထားခဲ့ရာ ယခုအချိန်တွင် သက်တမ်းနှစ် ၁၀၀ ပြည့်ပြီဖြစ်သည်။

လက်ရှိ ဟင်္သာကုန်းစေတီတော်ရင်ပြင်သည် တိုးချဲ့ထားသည့်နေရာအပါအဝင် အလျား ၁၀၀ ပေ ရှစ်လက်မနှင့် အနံ ပေ ၁၂၀ ကျယ်ဝန်းသည်။ စေတီတော်ကို ၁၀ ပေ ခြောက်လက်မမြင့်သည့် အောက်ခံ ပလ္လင်ခုံပေါ်တွင် ၁၂ ပေအမြင့် ကုလားကျောင်းခံပြီး ဉာဏ်တော် ၁၅ ပေ အမြင့်တည်ထားသဖြင့် ပလ္လင်ခုံ အောက်ခံမှ စေတီတော်ထီးတော်ထိပ်ထိ ၃၇ ပေ ခြောက်လက်မမြင့်သည်။

**ဟင်္သာကုန်းစေတီအလှူရှင် ရသေ့ကြီးဦးခန့်**

ဦးခန့်သည် မန္တလေးတောင်ကို သံတန်ဆောင်း၊ သံစောင်းတန်း၊ ကျောက်လှေကားများဖြင့် မွမ်းမံ တန်ဆာဆင်ခဲ့သော ရသေ့ကြီးဖြစ်သည်။ ဦးခန့်သည် မန္တလေးတောင်သို့ သက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်း လဆန်း ၁ ရက်တွင် ရောက်ရှိလာခဲ့ကာ သက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဦးခန့်လောင်းလျာ မောင်ဖိုးမောင်ကို ရမည်းသင်း မြို့နယ် ရွာသာရွာ၌ သက္ကရာဇ် ၁၂၂၉ ခုနှစ် ဝါခေါင် လပြည့်ကျော်ငါးရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးရွှေလှနှင့် ဒေါ်ကံ ခေါ် ဒေါ်ခိုဥဖြစ်သည်။ မောင်ဖိုးမောင် ၁၀ နှစ်အရွယ်တွင် မိဘများသည် သိမ်ကုန်းကြီးကျေးရွာသို့ ပြောင်းရွှေ့ခဲ့ကာ အသက် ၁၃ နှစ်တွင် ကျောင်းမကျောင်း၌ သာမဏေ ဝတ်ခဲ့ပြီး အသက် ၂၀ တွင် ရှင်ခန့်ဘွဲ့အမည်ဖြင့် ရဟန်းပြုခဲ့သည်။

ရဟန်းတော် ရှင်ခန့်သည် မန္တလေးတောင်မြောက်ဘက်ရှိ ရွှေကျင်တိုက်မတွင် နေထိုင်သီတင်းသုံးကာ ပိဋကတ်စာပေများကိုသင်ယူခဲ့ပြီး သမထ၊ ဝိပဿနာ တရားများကို အားထုတ်ခဲ့သည်။ ရှင်ခန့်သည် ရဟန်း ဝါ ၁၂ ဝါရသည့် သက္ကရာဇ် ၁၂၆၁ ခုနှစ်တွင် ရသေ့ဘဝသို့ပြောင်းခဲ့ကာ သိမ်ကုန်းကြီးကျေးရွာမှ အရှေ့ဘက်သို့ တစ်မိုင်ကျော်ကွာလှမ်းသည့် ရွှေမြင်တင်တောင်တွင် ဘာဝနာအလုပ်အားထုတ်ခဲ့ပြီး ရွှေမြင်တင်ရသေ့ဟု ထင်ရှားခဲ့သည်။

ဦးခန့်သည် ၁၉၀၈ ခုနှစ်တွင် မန္တလေးမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး သာသနိကအဆောက်အအုံများ ဆောက်လုပ်ခြင်းကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာ ၁၉၀၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်ထိ ၄၁ နှစ်တာကာလ အတွင်း မြို့ပေါင်း ၂၂ မြို့တွင် ကုသိုလ်တော် ၅၁ ဌာန ရှိခဲ့သည်။

ဟင်္သာကုန်းပေါ်တွင် မူလကရှိခဲ့သည့် ပုညရတနာ စေတီပြိုပျက်ပြီးနောက် ရသေ့ကြီးဦးခန့်တည်ခဲ့သည့် စေတီတော်သည် ပဲခူးမြို့၏ ထင်ရှားသောဘုရားတစ်ဆူ ဖြစ်လာခဲ့ကာ ၂၀၂၃ ခုနှစ်တွင် သက်တမ်းနှစ် ၁၀၀ ပြည့်ခဲ့သည်။

**ကမ္ဘောဇသာဒီနန်းတော်**

တောင်ငူဘုရင်တပင်ရွှေထီးသည် ခရစ်နှစ် ၁၅၃၈ ခုနှစ်တွင် ပဲခူးကိုအောင်နိုင်ခဲ့ကာ တောင်ငူမှ ပဲခူးသို့ ပြောင်းရွှေ့နန်းစံခဲ့သည်။ ခရစ်နှစ် ၁၅၅၁ ခုနှစ်တွင် ဘုရင့်နောင်က ပဲခူးထီးနန်းကို ဆက်ခံခဲ့သည်။

ဘုရင့်နောင်မင်းတရားသည် အစိတ်စိတ်အမြွှာမြွှာ ကွဲနေခဲ့သည့် မြန်မာနိုင်ငံတော်ကို ဒုတိယအကြိမ် စည်းရုံးတည်ထောင်ခဲ့ပြီးနောက် ပဲခူးမြို့၌ ဘုရင့် နန်းတော်ကိုတည်ဆောက်ခဲ့သည်။ (သို့သော် မူလ နန်းတော်သည် ပျက်စီးသွားခဲ့သဖြင့် ပုံစံတူပြန်လည် တည်ဆောက်ခဲ့ရာ ၎င်းနန်းတော်သို့ ပြည်တွင်းခရီး သွားများနှင့် ထိုင်းနိုင်ငံမှခရီးသွားများ အများဆုံး လာရောက်လေ့ရှိကြပေသည်။)

ဘုရင့်နောင်မင်းတရားသည် ၁၅၆၆ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှစ၍ အိမ်တစ်အိမ်လျှင် လူတစ်ယောက်ဆင့်ခေါ်ကာ ဟံသာဝတီမြို့ကို စတင် တည်လုပ်၍ နိုဝင်ဘာ ၁၆ ရက်တွင် ဟံသာဝတီမြို့၊ ရွှေမော်ဓောနှင့် ပိဋကတ်တိုက် သုံးဌာနကို တစ်ပြိုင်တည်း တည်ခဲ့သည်။ မြို့တော်တည်ဆောက်ချိန် ငါးနှစ် ကြာမြင့်ခဲ့ကာ ၁၅၇၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် လွှတ်တော်သိမ်းပြီးနောက် ဟံသာဝတီနေပြည်တော် ဖြစ်လာခဲ့သည်။



ကမ္ဘောဇသာဒီနန်းတော်တွင်ပြသထားသည့် ဘုရင့်နောင်မင်းတရား၏စီးတော်ယာဉ်ပုံစံတူကို တွေ့ရစဉ်။

ဘုရင့်နောင်မင်းတရားသည် အရှေ့အနောက် ၄၇၂ တာ၊ တောင်မြောက် ၅၂၈ တာ (မြို့ဝန်း တာ ၂၀၀၀) ရှိသည့် မြို့သစ်ကိုတည်၍ မြို့ရိုးတစ်မျက်နှာ၌ တံခါးပေါက်ငါးပေါက်စီပြုလုပ်၍ မြို့တံခါး ၂၀ ကို မြို့အမည်များပေးခဲ့သည်။ အရှေ့ဘက်မြို့ရိုးတွင် ပြည်၊ အဝ၊ တောင်ငူ၊ လင်းဇင်းနှင့် ဒလတံခါး၊ အနောက် ဘက်မြို့ရိုးတွင် ကလေး၊ မိုးနဲ၊ ညောင်ရွှေ၊ သာယာဝတီ နှင့် သိန္နီတံခါး၊ တောင်ဘက်မြို့ရိုးတွင် ဇင်းမယ်၊ အုန်းဘောင်၊ မိုးညှင်း၊ မိုးကောင်းနှင့် ထားဝယ်တံခါး၊ မြောက်ဘက်မြို့ရိုးတွင် တနင်္သာရီ၊ ယိုးဒယား၊ မုတ္တမ၊ ပုခန်းနှင့် ပုသိမ်တံခါးတို့ရှိခဲ့သည်။ (အလောင်းမင်း တရားဦးအောင်ဇေယျသည် ၁၇၅၇ ခုနှစ် မေ ၁၂ ရက် တွင် ဟံသာဝတီကိုအောင်ခဲ့ကာ တောင်ဘက်မိုးညှင်း တံခါးမှဝင်၍ မြို့ကိုသိမ်းခဲ့သည်။)

ကမ္ဘောဇသာဒီနန်းတော်ကို တည်ခဲ့စဉ်က မှူးမတ် များက သစ်လုံးတစ်လုံးစီထည့်ပေးခဲ့ရကာ မြို့စားများ က မိဖုရားများနှင့် ကိုယ်လုပ်တော်များအတွက် အဆောင်များကို တည်ဆောက်ပေးခဲ့သည်။ ဘုရင့် နောင်မင်းတရား၏မိဖုရားငါးပါးအတွက် စကြာသုံးထပ် အဆောင်များ ဆောက်လုပ်ခဲ့သည်။

မဇ္ဈိမဒေသမင်းဧကရာဇ်များ၏ နန်းတော်ပုံကိုမှီး၍ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း မှန်းဆရေးဆွဲခဲ့ သည့် ကမ္ဘောဇသာဒီနန်းတော်ပုံတွင် လည်ပေါ်နှစ်ဆင့်၊ ရွှေနန်းဆောင်ခြောက်ဆောင်၊ ဘုံခုနစ်ဆင့် ရွှေနန်း ပြာသာဒ်ဆောင်နှင့် လည်ပေါ်တစ်ဆင့်ကန္နားကြီး ဆောင်တို့ပါဝင်ခဲ့သည်။

ကမ္ဘောဇသာဒီနန်းတော်ကြီးကို တည်ဆောက်ခဲ့ သည့် ဘုရင့်နောင်မင်းတရားသည် ၁၅၈၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် နတ်ရွာလားခဲ့ပြီး သားတော် နန္ဒမင်းသားက ထီးနန်းကို ဆက်ခံခဲ့သည်။ နန္ဒဘုရင်လက်ထက် ၁၅၉၈ ခုနှစ်တွင် တောင်ငူဘုရင် နှင့် ရခိုင်ဘုရင်ပူးပေါင်း၍ ဟံသာဝတီကို တိုက်ခိုက် အောင်မြင်ခဲ့ကြပြီးနောက် ဟံသာဝတီမင်းနေပြည်ကို မီးရှို့ခဲ့သဖြင့် ကမ္ဘောသာဒီနန်းတော်ကြီးသည် မီးလောင်ပျက်စီးကာ ကွယ်ပျောက်သွားခဲ့သည်။

**ရှေးဟောင်းသုတေသနတူးဖော်မှုများ**

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် ကမ္ဘောဇသာဒီနန်းတော် ရာနေရာ၌ မြေပြင်ကွင်းဆင်းလေ့လာမှုလုပ်ငန်းများ ကို ၁၉၉၀ ပြည့်နှစ်အစောပိုင်းတွင် စတင်ဆောင်ရွက် ခဲ့ပြီးနောက် ၁၉၉၁ ခုနှစ် မေ ၂၅ ရက်တွင် နန်းတော် ရာတူးဖော်မှုကို ဆောင်ရွက်ခဲ့သည်။ ကမ္ဘောဇသာဒီ နန်းတော်ရာပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ၁၉၉၇ ခုနှစ်ထိ နှစ်အလိုက်ဆောင်ရွက်ခဲ့ပြီး သုတေသနပြုခဲ့ သည့် ၂၀၀၁ ခုနှစ်ထိ အုတ်ပန္နက်ခုံအကြွင်းအကျန်များ၊ မီးသင့်ထားသည့်ကျွန်းတိုင်လုံးများ၊ ဗုဒ္ဓဆင်းတုတော် များနှင့် ရှေးဟောင်းပစ္စည်းများကို ရရှိခဲ့သည်။

ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာတွေ့ရှိ ချက်များအရ အချို့နန်းဆောင်များ၏ အုတ်ပန္နက်ခုံ များသည် ဘုရင့်နောင်မင်းတရားတည်ဆောက်ခဲ့သည့် အဆောက်အအုံများ၏အုတ်ရိုးများဟု ယူဆရသကဲ့သို့ အချို့အုတ်ရိုးများသည် ဘုရင့်နောင်မင်းတရားကြီး ခေတ်နောက်ပိုင်းတွင် တည်ဆောက်ခဲ့သည့်အဆောက် အအုံများ၏ပန္နက်များဟု ယူဆနိုင်ခဲ့သည်။ တူးဖော် တွေ့ရှိခဲ့သည့် ကျွန်းတိုင်လုံးများ၏အခြေတွင် သစ် ထွင်းစာများပါရှိခဲ့ရာ လက်ရေးစာများ၏ပုံသဏ္ဌာန် အရ ၁၆ ရာစုက ရေးသားခဲ့သည့်စာများဖြစ်ကြောင်း နှင့် သစ်လုံးများတွင် ရေးထွင်းထားသည့်နေမျိုးကျော် ထင်၊ လက်ယာရန္တသူ၊ လက်ယာရန္တမိတ်စသည့်အမည် များသည် ထိုခေတ်က မင်းမှုထမ်းခဲ့သည့် အမတ်ကြီး များ၏အမည်များဖြစ်ကြောင်း တွေ့ရှိရပေသည်။

**နန်းတော်ပုံစံတူပြန်လည်ဆောက်လုပ်ခြင်း**

ကမ္ဘောဇသာဒီနန်းတော်ဟောင်းနေရာတွင် နန်း တော်ကြီးကို ရှေးမူမပျက်ပြန်လည်တည်ဆောက်ရန် ရှေးဟောင်းနန်းတော်ပန္နက်ပုံစံများ၊ စာပေအထောက် အထားများနှင့် ဗိသုကာလက်ရာများကို ရှာဖွေ စုဆောင်းခဲ့ကြသည်။ ၁၆ ရာစု ဗိသုကာလက်ရာများ ကျန်ရှိနေသည့် ကလျာဏီသိမ်၊ ရွှေဂူကြီး၊ ရွှေမော်ဓော အစရှိသည့်နေရာများသို့ သွားရောက်လေ့လာမှတ်ယူ ခဲ့ကာ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏မှတ်တမ်းများ၊ တမ္ပဝတီဦးဝင်းမောင်၏ မြန်မာမှုမှတ်တမ်းဆောင်းပါး များအပါအဝင် သမိုင်းအထောက်အထားများနှင့် တိုက်ဆိုင်ညှိနှိုင်းခဲ့ကာ ပညာရှင်များနှင့်ဆွေးနွေးပြီး မူလနန်းတော်နှင့် အနီးစပ်ဆုံးဖြစ်ဖွယ်ရှိသည့်ပုံစံကို ရေးဆွဲခဲ့သည်။

ကမ္ဘောဇသာဒီနန်းတော် ပြန်လည်တည်ဆောက် ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးက တာဝန်ယူတည်ဆောက်၍ မြန်မာ မှုလုပ်ငန်းများကို မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်း မောင်က ဦးစီးဆောင်ရွက်ခဲ့သည်။

ဘမရာသနပလ္လင်ဆောင်ကို ၁၉၉၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် အုတ်မြစ်ချ၍ ဩဂုတ် ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၇ ခုနှစ်တွင် ပြီးစီးခဲ့ သည်။ အချင်းသုံးပေရှိသည့်ကွန်ကရစ်တိုင် ၆၄ တိုင် ဖြင့် တည်ဆောက်ထားပြီး အမြင့် ၁၃၃ ပေရှိသည့် ၎င်းအဆောင်၏ အောက်ခြေအုတ်ခုံသည် ၉၂ ပေ ပတ်လည်ဖြစ်၍ ပြာသာဒ်ဘုံခုနစ်ဆင့် တင်ခဲ့သည်။ ဘမရာသနပလ္လင်ဆောင်တွင် ပလ္လင်တော်ထားရှိ သည့်အခန်းနှင့် သလွန်တော်ထားရှိသည့်အခန်းတို့ ပါဝင်သည်။

မြေနန်းပြာသာဒ်ဆောင်ကို ၁၉၉၅ ခုနှစ် မတ် ၁၉ ရက်တွင် အုတ်မြစ်ချခဲ့ကာ အောက်ခံအုတ်မြစ်သည် ၈၇ ပေ ခြောက်လက်မပတ်လည်ရှိ၍ အချင်းသုံးပေ ရှိသည့် ကွန်ကရစ်တိုင် ၄၀ ဖြင့် တည်ဆောက်ခဲ့သည်။ အဆောင်၏အရပ်လေးမျက်နှာ၌ ဘုံငါးဆင့်ပါ ပြာသာဒ်ငယ်လေးခုရံလျက် အလယ်တွင် ဘုံခုနစ်ဆင့် ပါ ပြာသာဒ်ကို ထည့်သွင်းတည်ဆောက်ခဲ့ရာ ၁၉၈ ပေမြင့်သည်။

မြေနန်းဆောင်၏ဝဲယာရှိ ဝင်းဆောင်နှစ်ဆောင် သည် အလျား ၁၄၄ ပေ၊ အနံ ၅၆ ပေ၊ အမြင့်ပေ ၄၀ စီရှိကာ အဆောင်တစ်ခုစီကို တိုင် ၅၂ လုံးစီဖြင့် တည်ဆောက်ခဲ့သည်။ စမုတ်ဆောင်ကို အချင်းနှစ်ပေ ခြောက်လက်မရှိသည့် ကွန်ကရစ်တိုင် ၁၆ တိုင်ဖြင့် တည်ဆောက်ထားပြီး အလျား ၄၆ ပေ၊ အနံ ၃၈ ပေ နှင့် အမြင့် ပေ ၄၀ ရှိသည်။ မြေနန်းပြာသာဒ်ဆောင် ပြန်လည်တည်ဆောက်မှုသည် ၂၀၀၂ ခုနှစ်တွင် ပြီးစီးခဲ့ကာ မြေနန်းပြာသာဒ်ဆောင်တွင် ခြင်္သေ့ခံ ပလ္လင်နှင့် လက်ဝဲလက်ယာ မင်းခမ်းတော်များကို ပြသထားသည်။

လက်ဝဲ၊ လက်ယာဝင်းဆောင်များတွင် နန်းတော် ရာတူးဖော်စဉ်ကရရှိခဲ့သည့် မီးသင့်ထားသောကျွန်းတိုင် လုံးများကို တူးဖော်စဉ်က တွေ့ရှိရသည့်အတိုင်း ခင်းကျင်းပြသထားသည်။ စာများပါသည့် ကျွန်းတိုင်နှင့် ပန်းပုရုပ်များပါရှိသည့် ကျွန်းပြားကြီး၊ ဥသာကန်တူး ဖော်ရာမှ ရရှိခဲ့သော သစ်တစ်လုံးထွင်းလှေ၊ မြင်း ၁၆ ကောင်ဆွဲသည့်ရထားလှည်းပုံစံတူနှင့် နန်းတော်ရာတူး ဖော်မှုမှတ်တမ်းဓာတ်ပုံများကို ပြသထားပေသည်။

**ကမ္ဘောဇသာဒီနန်းတော် တည်ဆောက်ခဲ့သည့် သစ်လုံးများသက်တမ်း**

ပဲခူးမြို့ နန်းတော်ကုန်း ၉ လမ်းနှင့် ၁၀ လမ်းကြား တွင်တည်ရှိသည့် ဟံသာဝတီရှေးဟောင်းသုတေသန ပြတိုက်တွင် ကမ္ဘောဇသာဒီနန်းတော်ရာတူးဖော်မှုမှ တွေ့ရှိခဲ့သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ရှာဖွေစုဆောင်းနိုင်ခဲ့ သည့် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများ စုစုပေါင်း ၃၄၅ ခုကို အခန်းခုနစ်ခန်းခွဲကာ ပြသထားသည်။

အဆိုပါပြတိုက်တွင် ထူးခြားချက်တစ်ရပ်အဖြစ် မြေနန်းပြာသာဒ်ဆောင် လက်ဝဲဝင်းမှ ရရှိခဲ့သည့် စာပါသောကျွန်းတိုင်တစ်လုံးနှင့် စာမပါသောကျွန်းတိုင် တစ်လုံးတို့ကို သစ်တောဦးစီးဌာနက သက်တမ်း တွက်ချက်ထားပုံကို ပြသထားသည်။ ၎င်းကျွန်းတိုင် များ၏သက်တမ်းသည် အလယ်အူတိုင် ခုနစ်နှစ်၊ အကာ သုံးနှစ်၊ သစ်ရစ်ရေတွက်မှုအရ နှစ် ၁၇၀ စုစု ပေါင်း နှစ် ၁၈၀ ဖြစ်ကြောင်း သိရှိရပေသည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော သီးနှံစုံ ၂၀၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပုသိမ် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံ ၂၀၀၈ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက သီးနှံစုံ ၇၃၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော သီးနှံစုံများကို ဖေဖော်ဝါရီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် သီးနှံစုံ ၂၀၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက သီးနှံစုံ ၇၃၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံတွေထဲမှာ မတ်ပဲကို အများဆုံး စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ သီးနှံစုံ ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပါပြီ။ ရိတ်သိမ်းဖို့ကျန်တဲ့ ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ရိတ်သိမ်းပြီးဖြစ်သော သီးနှံစုံ ၂၀၀၈ ဧကတွင် ဖူးစားပြောင်း ၃၄ ဧက၊ မြေပဲ ၄၈ ဧက၊ နှမ်း ၁၃ ဧက၊ ပိုက်ဆန်လျှော် ၄၄၁ ဧက၊ မတ်ပဲ ၆၀၉ ဧက၊ ပဲတီစိမ်း ၁၈ ဧက၊ ဗိုလ်ကိတ်ပဲ ၈၅ ဧက၊ ငရုတ် ၁၄၉ ဧက၊ ဟင်းသီးဟင်းရွက် ၆၁၁ ဧကဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



➤ စာမျက်နှာ ၄ မှ အဆက်

ပုဂံရွှေစည်းခုံစေတီအရှေ့ဘက်မုခ်တွင် ချိတ်ဆွဲထားသည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တစ်ခုဖြစ်သော ဘုရင့်နောင်မင်းခေါင်းလောင်းစာတွင် ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၉၁၂ ခုနှစ် တပို့တွဲလဆန်း ၅ ရက်(ခရစ်နှစ် ၁၅၅၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကေတုမတီကိုအောင်ခဲ့ကာ သက္ကရာဇ် ၉၁၃ ခုနှစ် တော်သလင်းလကွယ်နေ့(ခရစ်နှစ် ၁၅၅၁ ခုနှစ် ဩဂုတ် ၃၀ ရက်) စနေနေ့တွင် သရေခေတ္တရာကို အောင်နိုင်ခဲ့သည်။ သက္ကရာဇ် ၉၁၃ ခုနှစ် တန်ခူးလဆုတ် ၃ ရက်(ခရစ်နှစ် ၁၅၅၂ ခုနှစ် မတ် ၁၂ ရက်) စနေနေ့တွင် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ဟံသာဝတီသို့ချီခဲ့ပြီး ဟံသာဝတီကိုအောင်နိုင်ခဲ့ကာ သက္ကရာဇ် ၉၁၅ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (ခရစ်နှစ် ၁၅၅၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်) သောကြာနေ့တွင် မင်းမိဖုရားနှစ်ပါးသည် ဘိသိက်မင်္ဂလာခံယူတော်မူ၍ ကမ္ဘောဇသာဒီနန်း၌စံမြန်းခဲ့သည်ဟု ရေးထိုးထားသည်။ တွင်းသင်းရာဇဝင်တွင်ရေးသားထားသည့် ရက်စွဲများနှင့် ခေါင်းလောင်းစာတွင်ပါရှိသည့်ရက်စွဲများ ကွဲလွဲနေသည်။

မြန်မာ့သမိုင်းတွင် ထင်ရှားစွာတည်ရှိခဲ့သည့် ကမ္ဘောဇသာဒီနန်းတော်သည် မီးလောင်ပျက်စီးခဲ့သည့်တိုင် မူလပုံစံနှင့်အနီးစပ်ဆုံးပြန်လည်တည်ဆောက်ထားသည့် လက်ရှိနန်းတော်ကြီးသည်ပင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပဲခူးမြို့သို့ သွားရောက်လေ့လာကြရသည့် သမိုင်းဝင်အဆောက်အအုံတစ်ခုအဖြစ် ထင်ရှားစွာတည်ရှိနေပေသည်။

တစ်ချိန်က ဒုတိယမြန်မာနိုင်ငံတော် ဟံသာဝတီဥသျှာပြည်၏ မြို့တော်ဖြစ်ခဲ့သည့် ယခုပဲခူးမြို့သည် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများစွာကျန်ရစ်နေသည့် မင်းနေပြည်တော်ဟောင်းတစ်ခုအဖြစ် ပြည်တွင်း၊ ပြည်ပ၌ ထင်ရှားလျက်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)**
- **မှန်နန်းမဟာရာဇဝင်တော်ကြီး**
- **မဟာရာဇဝင်သစ်(တောင်ငူဆက်)**
  **(တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို)**
- **ပဲခူးဟောင်းသမိုင်းရာဇဝင်တော်ပုံ(မောင်ယဉ်လှိုင်း၊ ပျဉ်းမမြိုင်)**
- **ဟံသာဝတီပဲခူးတစ်စွင်မှ သမိုင်းဝင်လေ့လာရေးများ**
  **(မောင်ယဉ်လှိုင်း၊ ပျဉ်းမမြိုင်)**
- **ပဲခူးမြို့ ကျိုက်ကလွန်ပွန်းစေတီတော်သမိုင်း**
  **(မောင်စေတနာ)**
- **ဟသ်ာကျန်းစေတီတော်သမိုင်း(ဂေါပကအဖွဲ့)**
- **မြန်မာ့ထီးမှုနန်းရာ(သန်းထွန်း)**
- **ဘုရင့်နောင်မင်းတရားကြီးနှင့် ကမ္ဘောဇသာဒီလက်ရာမွန်**
  **(ယဉ်ယဉ်မွန်၊ ရှေးဟောင်းသုတေသန)**

## သမိုင်းပေးတာဝန်ကျေပွန်ခဲ့တာ တပ်မတော်ပါ

\- နွေဦးအစ ကြွေကျရွက်ဝါ
ရာသီနှင်းကွင်း ပူခြင်းရှိန်လျော့လာ
စစ်ထွက်လို့လာ တို့သဟာတစ်သင်း
ရင်တွင်းပျော်လျက် တိုင်းပြည်အတွက်
ပေးဆပ်အသက်နှင်းသည်နှင့်လေး။

\- တိုင်းပြည်အတွင်း ဂုဏ်လင်းစေရာ
လမှာတပေါင်း ရက်ကောင်းရွေးကာ
မတ်လလယ်မှာ စစ်ထွက်လာကြောင်း
ရက်ကောင်းရက်မွန် နှစ်ဆယ့်ခွန်
တစ်ကိုးလေးလွန် ငါးရက်ကောင်းသည်နှင့်လေး။

\- ဖက်ဆစ်အပေါင်း ထုတ်မောင်းရန်မှာ
တို့တပ်မတော် စစ်တလင်းဖော်ခဲ့တာ
လူထုတွေပါ ပေါင်းကာတိုက်ကြ
ဖက်ဆစ်တွေပြေး ဟိုအဝေး
မနေးအောင်ပွဲရသည်နှင့်လေး။

\- တို့သွေးများက ရဲလှနီတာ
တိုက်ရေးကြွယ်ကြွယ် ပရိယာယ်နှင့်သာ
လေးဆယ့်ရှစ်ခါ နှစ်မှာလွတ်လပ်
ပေးအပ်ခဲ့ပြီ တို့တိုင်းပြည်
သာစည်ပွားအပ်ခဲ့ပြီမို့လေး။

\- ယခုချိန်မြတ် ဤကပ်ကမ္ဘာ
အင်အားချိန်လျှာ ညှိမှရတော့မှာ
တပ်မတော်ဟာ ခိုင်မာတောင့်တင်း
စုံခြင်းလက်နက် တပ်ဆင်လျက်
တိုးတက်ရန်ကို ခွင်းသည်နှင့်လေး။

\- သည်လွတ်လပ်ခြင်း မယွင်းရှည်ကြာ
မြဲပါစေကြောင်း ဆုတောင်းပတ္ထနာ
ဂရုပြုကြပါ သူငါခပင်း
စည်းလုံးခြင်းဖြင့်အရင်းတည်
တို့များညီညီစုကာခင်းသည်နှင့်လေး။


\- လွတ်လပ်ခြင်းကြောင်းသာ ဓွန့်ရှည်ရာ
ကြိုးစားကြဖို့ရည်။
\- နယ်ချဲ့ခြင်းကြောင်းရာ တွန်းလှန်ကာ
နှိုးကြားကြစို့တည်။ ။

**ဘိုမျိုး(ရွှေဘို)**

[(၇၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုလျက်။]

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## အမေရိကန်စီးပွားရေးလုပ်ငန်းများမှ ခေါင်းဆောင်များ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်

**ပေကျင်း မတ် ၂၆**

တရုတ်သမ္မတရှီကျင့်ဖျင်သည် မတ် ၂၇ ရက်တွင် ပေကျင်းမြို့၌ အမေရိကန်စီးပွားရေးလုပ်ငန်းများမှခေါင်းဆောင်များနှင့်တွေ့ဆုံရန် စီစဉ်ထားကြောင်း တရုတ်အစိုးရ သတင်းအရင်းအမြစ်များ၏ အဆို အရသိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရေးအတွက် အမေရိကန် အခြေစိုက် နိုင်ငံတကာအာမခံ ကုမ္ပဏီကြီးတစ်ခုဖြစ်သော ချဘ် အာမခံလုပ်ငန်းအမှုဆောင်အရာရှိချုပ် အီဗင်ဂရင်းဘာ့ဂ်က အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည့် အမေရိကန်စီးပွားရေး ခေါင်းဆောင်များထဲတွင် အမေရိကန်-တရုတ်ဆက်ဆံရေးအမျိုးသားကော်မတီဥက္ကဋ္ဌ စတီဖင်အော်လင်းစ်နှင့် အမေရိကန်-တရုတ် စီးပွားရေးကောင်စီဥက္ကဋ္ဌ ကရိတ်ချ်အယ်လန်တို့လည်း ပါဝင်ကြောင်း သိရသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဂျီ-၂၀ ထိပ်သီးညီလာခံအတွက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့သို့ရောက်ရှိစဉ် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များနှင့် ညစာစားပွဲကျင်းပခဲ့ဖူးသည်။

ပေကျင်းမြို့၌ မတ် ၂၄ ရက်မှ ၂၅ ရက်ထိကျင်းပခဲ့သော တရုတ်ဖွံ့ဖြိုးမှုဖိုရမ်ညီလာခံ၌ ပြည်ပစီးပွားရေးခေါင်းဆောင်များ အနေဖြင့် တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် တွေ့ဆုံနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ တရုတ်စီးပွားရေးစနစ်၏ပွင့်လင်းမြင်သာမှု အတိုင်းအဆနှင့်ပတ်သက်၍ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ စိုးရိမ်စိတ်ဝင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးတောင်းဆိုထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီအတည်ပြု



**ဂျေရုဆလင် မတ် ၂၆**

အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား အပစ်အခတ်ချက်ချင်းရပ်စဲရန် တောင်းဆိုထားသော ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယနေ့တွင်မဲခွဲအတည်ပြုနိုင်ခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့က ပူးတွဲရေးဆွဲထားခြင်းဖြစ်သည်။

ယင်းဆုံးဖြတ်ချက် မူကြမ်းကို မတ် ၂၅ ရက်က မဲခွဲရာတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံ ၁၄ နိုင်ငံတို့ကထောက်ခံပေးခဲ့ပြီး အမေရိကန်နိုင်ငံက ပါဝင်မဲပေးခြင်းမရှိခဲ့ကြောင်း သိရသည်။

သို့သော် အပစ်အခတ်ရပ်စဲရေး တောင်းဆိုထားသည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီက အတည်ပြုနိုင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် မဟာမိတ် အစ္စရေးနိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာခဲ့ရသည်။

အမေရိကန်နိုင်ငံသည် ရှေးယခင်က ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေး တောင်းဆိုထားသည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းများကို ဗီတိုအာဏာဖြင့် သုံးကြိမ်ထိ ပိတ်ပင်ခဲ့ဖူးသည်။

မတ် ၂၅ ရက်တွင် အတည်ပြုနိုင်ခဲ့သည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတွင် ဖမ်းဆီးထားသည့် ဓားစာခံအားလုံး ခြွင်းချက်မရှိပြန်လွှတ်ပေးရန်လည်း ဟားမတ်စ်အုပ်စုကို တောင်းဆိုထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပါကစ္စတန်အသေခံပုံးခွဲမှုအတွင်း တရုတ်အင်ဂျင်နီယာငါးဦးသေဆုံး

**အစ္စလာမ်မာဘတ် မတ် ၂၆**

ပါကစ္စတန် အနောက်မြောက်ပိုင်း ဆည်စီမံကိန်းတစ်ခု၌ အလုပ်လုပ်နေသည့် တရုတ်နိုင်ငံသား အင်ဂျင်နီယာများလိုက်ပါလာသော ယာဉ်တန်းကို အသေခံပုံးခွဲသမားတစ်ဦးက ယနေ့တွင် မော်တော်ယာဉ်တစ်စီးဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ရသည်။

အသေခံပုံးခွဲသမား၏ တိုက်ခိုက်မှုကြောင့် တရုတ်နိုင်ငံသားငါးဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦးသေဆုံးခဲ့ရသည်ဟု ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

ယနေ့ တိုက်ခိုက်မှုသည် ရက်သတ္တပတ်တာ ကာလအတွင်း ပါကစ္စတန်ရှိ တရုတ်အကျိုးစီးပွားများ တတိယအကြိမ် တိုက်ခိုက်ခံရမှုဖြစ်သည်။

ပထမဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှုနှစ်ရပ်မှာ တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့်အကောင်အထည်ဖော်နေသော လေတပ်စခန်းတစ်ခုနှင့် မဟာဗျူဟာဆိပ်ကမ်းတစ်ခုတို့၌ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေတပ်စခန်းနှင့် ဆိပ်ကမ်းတို့သည် ပါကစ္စတန် အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် တည်ရှိကြောင်း သိရသည်။

အသေခံ ပုံးခွဲတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည့်တရုတ်အင်ဂျင်နီယာများအလုပ်လုပ်သော ဆည်စီမံကိန်းသည် ခိုင်ဘာပက်ခ်ျတွန်ခ်ဝါပြည်နယ်၌ တည်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**




## ဘရစ်အုပ်စုဝင်နိုင်ငံများ၏ အင်န်ဒီဘီဘဏ်က ယခုနှစ်အတွင်း ချေးငွေဒေါ်လာငါးဘီလီယံပေးနိုင်ရန် ရည်မှန်း

**ရှန်ဟိုင်း မတ် ၂၆**

ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)ကတည်ထောင်ထားသည့် ဖွံ့ဖြိုးရေးဘဏ်သစ် (အင်န်ဒီဘီ) သည် ယခုနှစ်အတွင်း ချေးငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံထိ ထုတ်ပေးနိုင်ရန် ရည်မှန်းထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်။

အင်န်ဒီဘီဘဏ်က ယခုနှစ်အတွက် ထုတ်ပေးဖွယ်ရှိသည့် ချေးငွေပမာဏကိုအင်န်ဒီဘီဒုတိယဥက္ကဋ္ဌကျိုးရှန်ဝူက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကပ်ဘေးကာလအတွင်း အင်န်ဒီဘီဘဏ်၏ စီးပွားရေးလုပ်ငန်းများလည်းထိခိုက်ခဲ့ရကြောင်း၊သို့ရာတွင် လက်ရှိအချိန်တွင် အရာရာပုံမှန်ပြန်ဖြစ်နေပြီဖြစ်ကြောင်း ကျိုးရှန်ဝူက ထုတ်ဖော်ပြောကြားထားသည်။

ဘရစ်အုပ်စုဝင်နိုင်ငံ ငါးနိုင်ငံအနက် တရုတ်နှင့် အိန္ဒိယတို့သည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကာလအတွင်း အခြားအဖွဲ့ဝင်နိုင်ငံများထက် အင်န်ဒီဘီ၏ ရင်းနှီးမြှုပ်နှံမှုကို အနည်းငယ်စီပိုင်ဆိုင်ခဲ့သည်။

အင်န်ဒီဘီဘဏ်ကို ဘရစ်အုပ်စုအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊တရုတ်နှင့် တောင်အာဖရိကတို့က ၂၀၁၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

လက်ရှိအချိန်တွင် အင်န်ဒီဘီဘဏ်သည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဌာနချုပ်ဖွင့်လှစ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## သီရိလင်္ကာအစိုးရက အလုပ်သမားများ၏ အနည်းဆုံးလုပ်ခလစာကို ၄၀ ရာခိုင်နှုန်းမြှင့်တင်ပေးရန် သဘောတူ

**ကိုလံဘို မတ် ၂၆**



အလုပ်သမားများ အတွက် သတ်မှတ်ပေးထားသည့် လက်ရှိအနည်းဆုံးလုပ်ခလစာကို ၄၀ရာခိုင်နှုန်းမြှင့်တင်ပေးရန် သီရိလင်္ကာအစိုးရက သဘောတူထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံးဘဏ္ဍာရေးအကျပ်အတည်းနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် စီးပွားရေးအရ ပြန်လည်နာလန်ထူရန်ကြိုးစားနေရစဉ် လူနေမှုစရိတ်မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရသော အလုပ်သမားများအတွက် အထောက်အကူပြုနိုင်ရန် အနည်းဆုံးလုပ်ခလစာမြှင့်တင်ပေးရေးအတွက် သီရိလင်္ကာအစိုးရက သဘောတူခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း နိုင်ငံခြားအရန်ငွေစံချိန်တင်ကျဆင်းခဲ့ခြင်းကြောင့် သီရိလင်္ကာနိုင်ငံမှာနှစ် ၇၀ အတွင်း အဆိုးရွားဆုံးဘဏ္ဍာရေး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။

သီရိလင်္ကာ အလုပ်သမားများ အတွက် သတ်မှတ်ထားသည့် အနိမ့်ဆုံးလုပ်ခလစာကို လက်ရှိရူပီး ၁၂၅၀၀(အမေရိကန်ဒေါ်လာ ၄၂ဒေါ်လာ)မှ ရူပီး ၁၇၅၀၀ထိ မြှင့်တင်ပေးရန် အစိုးရအဖွဲ့က ယနေ့တွင် သဘောတူထားကြောင်း သီရိလင်္ကာအစိုးရထိပ်တန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံရှိ လူဦးရေ ၂၀ ရာခိုင်နှုန်း၏ မိသားစုများမှာ ပျမ်းမျှလစဉ်ဝင်ငွေ ၁၇၅၇၂ ရူပီး သာရှိသည်။

သီရိလင်္ကာနိုင်ငံသည် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံဖြင့် ဘဏ္ဍာရေးအကျပ်အတည်းမှ ပြန်လည်နာလန်ထူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Intuitive Machines ကုမ္ပဏီက စေလွှတ်ထားသည့် အိုဒက်ဆပ်လဆင်းယာဉ်၏မစ်ရှင် တရားဝင်အဆုံးသတ်သွားပြီဖြစ်



**ဝါရှင်တန် မတ် ၂၆**

အမေရိကန်နိုင်ငံအခြေစိုက် Intuitive Machines ကုမ္ပဏီက စေလွှတ်ထားသည့် အိုဒက်ဆပ် လဆင်းယာဉ်၏ မစ်ရှင်မှာ တရားဝင်အဆုံးသတ်သွားပြီဖြစ်ကြောင်း မတ် ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အိုဒက်ဆပ်လဆင်းယာဉ်သည် ယခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းသို့ ဆင်းသက်နိုင်ခဲ့ရာ လမျက်နှာပြင်ပေါ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံးပုဂ္ဂလိက လဆင်းယာဉ်အဖြစ် သမိုင်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ် ဆင်းသက်ခဲ့ပြီးနောက် သီတင်းတစ်ပတ်ကြာထိ စူးစမ်းလေ့လာရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ဇန်နဝါရီလအစောပိုင်းတွင် လကမ္ဘာညကာလကို စွမ်းအင်စနစ်များပိတ်၍ ဖြတ်ကျော်ခဲ့ရကြောင်း သိရသည်။

သို့ရာတွင် အိုဒက်ဆပ်လဆင်းယာဉ်သည် လကမ္ဘာ ညကာလ ကုန်လွန်သွားခဲ့သည့်တိုင် မတ် ၂၃ ရက်ထိ ကမ္ဘာမြေဆီသို့ ပြန်လည်ဆက်သွယ်မှုမရှိတော့ကြောင်း Intuitive Machines ကုမ္ပဏီ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

အိုဒက်ဆပ်လဆင်းယာဉ်အနေဖြင့် မစ်ရှင်သက်တမ်းကုန်ဆုံး၍ လမျက်နှာပြင်ပေါ်တွင် ထာဝရငြိမ်သက်သွားပြီဖြစ်ကြောင်း Intuitive Machines ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် အတည်ပြုထားကြောင်း သိရသည်။

Intuitive Machines ကုမ္ပဏီ၏ အိုဒက်ဆပ်လဆင်းယာဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## တရုတ်နိုင်ငံ၏ ကွေးရှောင်-၂ ကြားခံဆက်သွယ်ရေးဂြိုဟ်တု မတ် ၂၄ ရက်က လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်ခဲ့

**ပေကျင်း မတ် ၂၆**

တရုတ်နိုင်ငံ၏ ကွေးရှောင်-၂ ကြားခံဆက်သွယ်ရေးဂြိုဟ်တုသည် မတ် ၂၄ ရက်က လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကွေးရှောင်-၂ ကြားခံ ဆက်သွယ်ရေးဂြိုဟ်တုသည် မတ် ၂၄ ရက်က ဒုံးအင်ဂျင်များကို လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက မတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကွေးရှောင်-၂ ကြားခံဆက်သွယ်ရေးဂြိုဟ်တုသည် အနီးဆုံးမှတ်တွင် လမျက်နှာပြင်နှင့် ကီလိုမီတာ ၂၀၀ ကွာဝေးပြီး အဝေးဆုံးမှတ်တွင် ကီလိုမီတာ ၁၀၀၀၀၀ ကွာဝေးသည့် ပတ်လမ်းပေါ်တွင်ရှိနေကြောင်း သိရသည်။



ကွေးရှောင်-၂ ဂြိုဟ်တုသည် ယခုနှစ် မေလအတွင်း လွှတ်တင်မည့် ချန်အာ-၆ လဆင်းယာဉ်နှင့် ကမ္ဘာမြေကြား သတင်းအချက်အလက်များကို ကြားခံပေးပို့ပေးမည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ကွေးရှောင်-၂ ဂြိုဟ်တုကို မတ် ၁၉ ရက်တွင် လောင်းမတ်ချ်-၈ ဒုံးပျံဖြင့် ဝန်ချန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ချန်အာ-၆ လဆင်းယာဉ်ဖြင့် လကမ္ဘာအခြားဘက်ခြမ်းမှ ကျောက်သားနမူနာများကို ရယူရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက Starship အာကာသဒုံးပျံယာဉ်၏ ရက်ပ်တာအမျိုးအစား ဒုံးအင်ဂျင်အားလုံးကို မတ် ၂၅ ရက်တွင် စက်စမ်းနှိုးခဲ့

**ဝါရှင်တန် မတ် ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်၏ ရက်ပ်တာအမျိုးအစားဒုံးအင်ဂျင်အားလုံးကို မတ် ၂၅ ရက်က စက်စမ်းနှိုးခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတုတ္ထအကြိမ်မြောက် စမ်းသပ်ပစ်လွှတ်မှုမပြုလုပ်မီ Starship ၏ ရက်ပ်တာဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship ဒုံးပျံယာဉ်ကို မေလ အစောပိုင်းတွင် ကမ္ဘာ့ပတ်လမ်းကြောင်းပေါ်သို့ ထပ်မံလွှတ်တင်ရန် စီစဉ်ထားသည်။

မတ် ၁၄ ရက်တွင် ပြုလုပ်ခဲ့သည့် တတိယအကြိမ် စမ်းသပ်ပစ်လွှတ်မှုတွင် Starship ဒုံးပျံယာဉ်သည် ကမ္ဘာ့ပတ်လမ်းထိ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း Starship ဒုံးပျံယာဉ်ကို ခြောက်ကြိမ်နှင့်အထက် စမ်းသပ်ပစ်လွှတ်ရန် ရည်ရွယ်ထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လကမ္ဘာဆီသို့ လူသားများစေလွှတ်ရေးအတွက် Starship ဒုံးပျံယာဉ်များကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ဗိုင်အာဂရာဆေးတွင်ပါဝင်သည့် Sildenafil က အမျိုးသားများ၏သက်တမ်းကို အကျိုးသက်ရောက်မှုရှိ

**ပဲရစ် မတ် ၂၆**

အမျိုးသား ပန်းသေပန်းညှိုး ရောဂါကုသသည့် ဗိုင်အာဂရာဆေးများတွင်ပါဝင်သည့် Sildenafil ဓာတုပစ္စည်းသည် အမျိုးသားများ၏ ပျမ်းမျှဘဝသက်တမ်းအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

ပြင်သစ်နှင့် ဆွစ်ဇာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗိုင်အာဂရာဆေးသုံးစွဲနေရသည့် အမျိုးသားများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ရောဂါဘယများကြောင့် သေဆုံးနိုင်ခြေ ၁၅ ရာခိုင်နှုန်းပိုနည်းပါးကြောင်း သိရသည်။

ပြင်သစ်နှင့်ဆွစ်ဇာလန် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ခန့်၏ ဆေးမှတ်တမ်းများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်အရ ဗိုင်အာဂရာဆေးသည် အမျိုးသားများ၏ ဘဝသက်တမ်းကိုလည်း မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဗိုင်အာဂရာသုံးစွဲမှုနှင့် အမျိုးသားများ၏ ပျမ်းမျှဘဝသက်တမ်းမြင့်တက်လာနိုင်မှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း သိရသည်။

Sildenafil ဓာတုပစ္စည်းသုံးစွဲသူ အမျိုးသားများတွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေနှင့် နှလုံးရောဂါဖြစ်နိုင်ခြေများကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## HIV ဗိုင်းရပ်ကို ဆဲလ်များအတွင်းမှ ရှင်းလင်းပေးနိုင်သည့်နည်းလမ်း ရှာဖွေတွေ့ရှိ

**အမ်စတာဒမ် မတ် ၂၆**

ခုခံအားကျဆင်းမှုရောဂါ ဗိုင်းရပ်များ (HIV) ကို ဆဲလ်များအတွင်းမှ ရှင်းလင်းပေးနိုင်သည့်နည်းလမ်းကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၄ ရက် သတင်းများအရ သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် မျိုးဗီဇအင်ဂျင်နီယာနည်းပညာကိုအသုံးပြု၍ တီ-ဆဲလ်များအတွင်းရှိ HIV ဗိုင်းရပ်များကို ဓာတ်ခွဲခန်းအတွင်း အောင်မြင်စွာ ရှင်းလင်း ဖယ်ရှားနိုင်ခဲ့ကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များ၏ အထက်ပါအောင်မြင်မှုအရ HIV ဗိုင်းရပ်ကြောင့် ဖြစ်ပွားရသော ခုခံအားကျဆင်းမှုရောဂါ (AIDS) ကို ကုသရေးအတွက် ကုထုံးသစ်များ ပေါ်ထွက်လာနိုင်သည်။

မျိုးဗီဇအင်ဂျင်နီယာနည်းပညာဖြင့် HIV ဗိုင်းရပ်များကို ရှင်းထုတ်သည့်နည်းလမ်းသည် ဘဝတစ်လျှောက်လုံး ဗိုင်းရပ်တိုက်ဖျက်ရေးဆေးများ သုံးစွဲနေရမှုကို ရပ်တန့်ပေးနိုင်မည့် ကုထုံးသစ်တစ်မျိုး ပေါ်ထွက်လာရေးအတွက် အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

HIV ဗိုင်းရပ်များသည် လူသား၏ မျိုးဗီဇအခြေခံ မော်လီကျူးနှင့်ပေါင်းစည်းနိုင်ပြီး ဆဲလ်များ၏ ယန္တရားစနစ်ကိုထိန်းချုပ်၍ ပုံတူပွားတတ်သည့် ဗိုင်းရပ်များဖြစ်ကြကြောင်း သိရသည်။

HIV ဗိုင်းရပ်ကို ဗိုင်းရပ်တိုက်ဖျက်ရေးကုထုံးများဖြင့် ထိန်းချုပ်ထားနိုင်သော်လည်း ကုထုံးရယူမှုရပ်လိုက်ချိန်တွင် ဗိုင်းရပ်များ ပြန်လည် ထကြွလာတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအမျိုးသမီး ခရစ်ကက်အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၆**

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁၊ ၂၊ ၃နှင့် ၄) တို့တွင် ကျင်းပခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ခရစ်ကက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ယနေ့တွင် ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရလဒ်ကိုးဦးအသာဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရလဒ်ကိုးဦးအသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ရလဒ်ရှစ်ဦးအသာဖြင့်လည်းကောင်း၊ အမျိုးသမီး ခရစ်ကက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ရလဒ်နှစ်ဦးအသာဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ခရစ်ကက်အုပ်စုပွဲစဉ်များအဖြစ် မတ် ၂၇ရက် နံနက်၈နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁၊ ၂၊ ၃နှင့် ၄)တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **STA**

## နော်တင်ဟမ်အသင်းက ရမှတ်လျှော့ပြစ်ဒဏ်အတွက် အယူခံတင်သွင်းထားကြောင်း ထုတ်ပြန်

**လန်ဒန် မတ် ၂၆**

နော်တင်ဟမ်အသင်းသည်ပရီးမီးယားလိဂ်က ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်ခဲ့မှုကြောင့် ရမှတ်လေးမှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခံရသဖြင့် ပရီးမီးယားလိဂ်အဖွဲ့ချုပ်သို့ ပြစ်ဒဏ်လျှော့ပေါ့စေရန်အတွက် အယူခံတင်သွင်းခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

နော်တင်ဟမ်အသင်းသည်ပြီးခဲ့သည့်ရက်သတ္တပတ်က ရမှတ်လေးမှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၁၇)သို့ ကျဆင်းခဲ့ပြီး အဆင့်(၁၈)မှ လူတန်အသင်းနှင့် ရမှတ်တစ်မှတ်သာ အသာရခဲ့ပြီး အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန်ကိုးပွဲအလိုတွင် တန်းဆင်းရမည့်အရေးနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းသည်ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း ပရီးမီးယားလိဂ်ကချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းထက် ကျော်လွန်၍ စတာလင်ပေါင် ၃၄ ဒသမ ၅သန်းထိကျော်လွန်သုံးစွဲခဲ့မှုကြောင့် ရမှတ်ခြောက်မှတ်လျှော့ ပြစ်ဒဏ်ကျခံရနိုင်သော်လည်းလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်က နော်တင်ဟမ်အသင်း အနေဖြင့် ကောင်းမွန်သည့် ပူးပေါင်းပါဝင်မှုများရှိခဲ့သဖြင့် လေးမှတ်လျှော့ ပြစ်ဒဏ်သာ ချမှတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော် နော်တင်ဟမ်အသင်းသည် ယခင်က အဲဗာတန်အသင်း အနေဖြင့် ရမှတ် ၁၀ မှတ်လျှော့ ပြစ်ဒဏ် ချမှတ်ခံရသော်လည်း အယူခံတင်သွင်းခဲ့မှုကြောင့် လျှော့ပေါ့ပြစ်ဒဏ်အဖြစ် ရမှတ်ခြောက်မှတ်သာ ကျခံခဲ့ရသဖြင့် လက်ရှိတွင် အသင်းအနေဖြင့် လျှော့ပေါ့ပြစ်ဒဏ် ရရှိစေရန် မျှော်လင့်ခဲ့ပြီး အယူခံတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**Ref : Sputnik**
**Trs : ML**

### အားကစားသတင်းအတိုအထွာများ

- ❑ ဘရာဇီးကလပ် ဖလာမင်ဂိုတိုက်စစ်မှူး ဘာဘိုဆာအနေဖြင့် တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် နှစ်နှစ်ပွဲပယ် ပြစ်ဒဏ်ချခံခဲ့ရကြောင်း ဘရာဇီးနိုင်ငံတားမြစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။
- ❑ ဘာစီလိုနာအသင်းက ဘရိုက်တန်အသင်းသို့ အငှားချထားသည့် တိုက်စစ်မှူး ဖာတီကို လာမည့်နွေရာသီတွင် ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ❑ ဂျာမနီအသင်းခံစစ်ကစားသမား ရူဒီဂါသည် အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိသည့်စွပ်စွဲချက်ဖြင့် စုံစမ်းစစ်ဆေးခံနေရကြောင်း သိရသည်။ **ML**

## ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



**နေပြည်တော် မတ် ၂၆**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံး ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လေ့ကျင့်ရေး ကွင်းအမှတ်(၁)တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့်ကချင်ပြည်နယ်အသင်း တို့ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးကျော်ဦး၊ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံး ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မတ် ၂၇ရက် ညနေ ၃နာရီခွဲတွင် လေ့ကျင့်ရေး ကွင်းအမှတ်(၁)တွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

## 2024 Kings World Cup ပြိုင်ပွဲတွင် ဟာဇက် ပါဝင်ယှဉ်ပြိုင်မည်

**ဘာရှဲလိုနာ မတ် ၂၆**

လာမည့်မေလတွင် မက္ကဆီကိုနိုင်ငံ၌ကျင်းပမည့် 2024 Kings World Cup ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ချဲလ်ဆီးနှင့် ရီးရဲလ်မက်ဒရစ် ကစားသမားဟောင်းဟာဇက်က ထုတ်ဖော်ပြောကြားခဲ့ပြီး DeptostraFcအသင်းနှင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဘာစီလိုနာအသင်း ခံစစ်ကစားသမား ပီကေးက ၂၀၂၂ ခုနှစ်က စတင်တည်ထောင်၍ ၂၀၂၃ ခုနှစ်က စပိန်နိုင်ငံ၌ စတင်ပြုလုပ်ခဲ့ပြီးနောက် ယခုနှစ်တွင် မက္ကဆီကိုနိုင်ငံ၌ ပြုလုပ်မည်ဖြစ်ရာ မန်ယူအသင်း ခံစစ်ကစားသမားဟာဒီနန်၊ တိုက်စစ်မှူးအီဗရာဟီမိုဘစ်ချ်နှင့်တိုက်စစ်မှူးနေမာတို့ စာရင်းပေးသွင်းထားကြောင်း သိရသည်။

2024 Kings World Cup ပြိုင်ပွဲကိုတစ်သင်းလျှင်ကစားသမား ခုနစ်ဦးစီဖြင့် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး စပိန်နိုင်ငံ Kings league မှ ၁၀သင်းနှင့်အမေရိကန်နိုင်ငံ Kings Leagueမှ အသင်း ၁၀ သင်း အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြိုင်ပွဲဝင် အသင်း ၁၂ သင်းကိုလည်း Wild Cards စနစ်ဖြင့် ထည့်သွင်းသွားမည်ဖြစ်ပြီးလာမည့် မေ ၂၆ရက်မှ စတင်ကာ ဇွန် ၈ ရက်ထိကျင်းပ၍ ချန်ပီယံအသင်းကို ဆုကြေးငွေ အမေရိကန်ဒေါ်လာ တစ်သန်းချီးမြှင့်သွားမည်ဖြစ်သည်။



အသက် ၃၃ နှစ်ရှိ ဟာဇက်သည် ချဲလ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရသောကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီက ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ပြီးနောက် ယခုအခါ 2024 Kings World Cup ပြိုင်ပွဲတွင် ပါဝင်ကစားရန် ဆုံးဖြတ်ခဲ့ကာ ၎င်းနှင့် ဟာဒီနန်တို့မှာ နောက်ဆုံးစာရင်းပေးသွင်းသူများဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## မီယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စဝီယာတက်ခ်နှင့် ကိုကိုဂတ်ဖ်တို့ ရှုံးနိမ့်





**ဖလော်ရီဒါ မတ် ၂၆**

အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပနေသည့် မီယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ၏ စတုတ္ထအဆင့်တွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် အမေရိကန် တင်းနစ်မယ် ကိုကိုဂတ်ဖ်တို့ ရှုံးနိမ့်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး စတုတ္ထအဆင့်တွင် ရုရှားတင်းနစ်မယ် အလက်ဆန်ဒရိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရကာ (၄-၆၊ ၂-၆) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဗိုလ်စွဲရန် ထိပ်ဆုံးကရေပန်းစားနေသည့် စဝီယာတက်ခ်အနေဖြင့် ထင်မှတ်မထားသည့် ရလဒ်မျိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ပုံစံကောင်းများပျောက်ဆုံးခဲ့သည်။

စဝီယာတက်ခ်အား ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည့် အလက်ဆန်ဒရိုဗာသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

အမေရိကန်နာမည်ကြီးတင်းနစ်မယ် ကိုကိုဂတ်ဖ်သည် စတုတ္ထအဆင့်တွင် ပြင်သစ်တင်းနစ်မယ် ဂါစီယာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၆-၃ ၊ ၁-၆ ၊ ၆-၂) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ကိုကိုဂတ်ဖ်သည် ဒုတိယပွဲငယ်တွင် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သော်လည်း ပထမပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ကိုကိုဂတ်ဖ်အား အနိုင်ရရှိခဲ့သည့် ဂါစီယာသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ်ကောလင်းနှင့်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ကမ္ဘာ့အဖျက်စွမ်းအားအပြင်းဆုံး FAB-3000 ဗုံးကို ရုရှားစတင်ထုတ်လုပ်



ယူကရိန်းအထူးစစ်ဆင်ရေး ဆက်လက်ဆောင်ရွက်နေသည့်ကြားက သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်လာမှုတစ်ရပ်အနေဖြင့် ရုရှားနိုင်ငံက FAB-3000 ဗုံးများကို အမြောက်အမြားထုတ်လုပ်မှုစတင်နေပြီး ကမ္ဘာပေါ်တွင် အဖျက်စွမ်းအားအပြင်းဆုံး၊ လေကြောင်းမှ ပစ်လွှတ်ကြဲချနိုင်သည့်ဗုံးများတွင် တစ်ခုအဖြစ်အသိအမှတ်ပြုခံထားရကြောင်း Army Recognition သတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် FAB-1500 ဗုံးထုတ်လုပ်မှုကို နှစ်ဆတိုးလာမည်ဖြစ်ပြီး အလားတူ FAB-500 ဗုံးများထုတ်လုပ်ရာတွင် အရှိန်မြှင့်၍ အရေအတွက် မြောက်မြားစွာ ထုတ်လုပ်လျက်ရှိသည်။ အသစ်တီထွင်ထားသည့် FAB-3000M-54 အကြီးစားစူပါဗုံးများကို Tu-22M3 မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များတွင် တင်ဆောင်အသုံးပြုနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားပြီး လက်ရှိပဋိပက္ခ အလှည့်အပြောင်းများ၌ ၎င်း၏အဓိကအခန်းကဏ္ဍကို တွေ့မြင်လာရနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

FAB-3000 ဗုံးသည် ခန့်မှန်းခြေအားဖြင့် ကီလိုဂရမ် ၃၀၀၀ အလေးချိန်ရှိပြီး TNT ကီလိုဂရမ် ၁၄၀၀ သယ်ဆောင်နိုင်သည့် သမားရိုးကျခဲယမ်းများ၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဖွံ့စည်းထုပ်ပိုးထားမှုကို သက်သေပြနိုင်ခဲ့သည်။ ၎င်းတွင် အမြင့်ဆုံးထိုးဖောက်နိုင်စွမ်း ၁၈၃ မီလီမီတာ၊ သံချပ်ကာများ တိုက်ခိုက်ဖျက်ဆီးနိုင်မှုအချင်းဝက် ၄၂ မီတာနှင့်ပေါက်ကွဲယမ်းအပိုင်းအစများ ပျံ့နှံ့နိုင်မှုအချင်းဝက် မီတာ ၂၆၀ တို့ သက်ရောက်မှုရှိသည်။ အဖျက်စွမ်းအားအဝန်းအဝိုင်းသည် ၎င်း၏ပေါက်ကွဲအားကြောင့် ဧရိယာတစ်ခုအတွင်းရှိ အဆောက်အအုံများနှင့်တပ်ဖွဲ့ဝင်များကို သိသိသာသာတိုက်ခိုက်ချေမှုန်းနိုင်စေမည်ဖြစ်သည်။

မဟာဗျူဟာမြောက် ဗုံးကြဲတိုက်ခိုက်မှုများအတွက် ဒီဇိုင်းထုတ်ထားသည့် FAB-3000 ဗုံးသည် ရန်သူ့ခံစစ်စခန်းများ၊ အဓိက အခြေခံအဆောက်အအုံများနှင့် တပ်ဖွဲ့ဝင်များ၏ တပ်ဆုံရပ်နေရာများအပေါ် တိုက်ခိုက်ဖယ်ရှားရှင်းလင်းနိုင်ရန် လုံလောက်သောအဖျက်စွမ်းအား ပြင်းထန်မှုကို ပိုင်ဆိုင်ထားသည်။ ရုရှားတပ်မတော်တွင် စတင်မိတ်ဆက်အသုံးပြုခြင်းသည် အထူးသဖြင့် လူနေထူထပ်သော သို့မဟုတ် မဟာဗျူဟာအရအရေးပါသော ဧရိယာများတွင် ဤဗုံးများ၏ အဖျက်စွမ်းအားပြင်းမှုကို အလေးပေးဖော်ပြနေခြင်းဖြစ်သည်။

FAB-3000 ကဲ့သို့သော အဖျက်စွမ်းအားပြင်း မဟာဗျူဟာမြောက်လက်နက်များအပေါ် အလေးပေးဖော်ဆောင်လာမှုသည် အချိန်ကြာမြင့်စွာဖြစ်ပွားနေသော ယူကရိန်းအထူးစစ်ဆင်ရေး၏ ပြင်းထန်လာနိုင်သောပဋိပက္ခများအတွက် ရုရှား၏ကြိုတင်ပြင်ဆင်မှုကို ထင်ဟပ်စေလျက်ရှိပြီး လက်ရှိ ပဋိပက္ခအခြေအနေတွင် စစ်ရေးစွမ်းရည်နှင့် ပထဝီနိုင်ငံရေး မဟာဗျူဟာများကြား အရေးပါသော အပြန်အလှန်ဆက်စပ်နေမှုကို မီးမောင်းထိုးပြနေလျက်ရှိသည်။ ထို့အတူ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုဘက်ကလည်း ယူကရိန်းအထူးစစ်ဆင်ရေးတွင် အကြီးစားအဖျက်စွမ်းအားပြင်းဗုံးများ ဖြန့်ကြက်အသုံးပြုလာနိုင်မှုအပေါ် လူသားချင်းစာနာထောက်ထားမှုနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးလာနိုင်မှုများအပေါ် စိုးရိမ်မှုများမြင့်တက်လာလျက်ရှိပြီး ရုရှားဘက်က ပြင်းထန်သောလေကြောင်းတိုက်ခိုက်မှုများအပေါ် တုံ့ပြန်ရန် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ ပိုမိုပေးအပ်နိုင်ရေးကြိုးပမ်းလာနိုင်ဖွယ်ရှိနေသည်။

**Russia Launches Mass Production of FAB-3000 World's Most Destructive Bomb Amid Ukraine Conflict ကိုဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းစစ်ရေးစွမ်းအားစုများကို တိုက်ခိုက်ဖျက်ဆီးရန် ရုရှားက FPV ဒရုန်းများအသုံးပြုမှု အရှိန်အဟုန်မြှင့်လုပ်ဆောင်လာ

ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့များကြားဖြစ်ပွားနေသော ပဋိပက္ခများတွင် ရုရှားက First Person View (FPV) ဒရုန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လာကြောင်း Army Recognition သတင်းဌာနက မတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် အဆိုပါဒရုန်းများကို ထောက်လှမ်းရေးအတွက်သာမက ယူကရိန်းတပ်စခန်း၊ ဌာနချုပ်၊ စစ်လက်နက်ပစ္စည်းကိရိယာများကို တိုက်ရိုက်တိုက်ခိုက်မှုအတွက်ပါ အသုံးပြုလျက်ရှိပြီး ယူကရိန်းစစ်ဘက်အတွက် စိန်ခေါ်မှုကြီးတစ်ရပ်ပင်ဖြစ်သည်။

ရုရှားတပ်ဖွဲ့များသည် အမှောင်ထုအောက်တွင် FPV ဒရုန်းများအသုံးပြုတိုက်ခိုက်နိုင်စွမ်းရှိစေရန် တီထွင်ကြံဆခဲ့ကြသည်။ ညအချိန်အတွင်း ယူကရိန်းတပ်ဖွဲ့များ၏ နည်းပညာဆိုင်ရာအားသာချက်များကို အသုံးမဝင်ဖြစ်စေသည့်အတွက်နည်းဗျူဟာမြောက် ပြောင်းလဲဖော်ဆောင်လာမှုလည်းဖြစ်သည်။ အလင်းရောင်အနည်းငယ်သာရရှိနိုင်မှု သို့မဟုတ် အပူငွေ့အာရုံခံထောက်လှမ်းနိုင်မှုတို့ဖြင့် ပစ်မှတ်များကို စိစစ်ခွဲခြားနိုင်စွမ်းရှိသော အပူငွေ့ထောက်လှမ်းရေးကင်မရာများ တပ်ဆင်ထားသည့် FPV ဒရုန်းများကို ရုရှားတပ်ဖွဲ့များအသုံးပြုလာကြကြောင်း ယူကရိန်းတပ်ဖွဲ့ဝင်များက တယ်လီဂရမ်ချန်နယ်များမှတစ်ဆင့် ထုတ်ဖော်ပြောကြားထားကြသည်။

သီးခြားအခြေအနေများတွင် ရုရှားတပ်မတော်သည် Zaporizhia ဒေသရှိ ခံစစ်ကတုတ်ကျင်းများ၌ ပုန်းအောင်းနေသော ယူကရိန်းတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်ရန် FPV ဒရုန်းများကို အသုံးပြုခဲ့ကြသေးသည်။ ရုရှားတပ်ဖွဲ့ဝင်များသည် အထူးပြုလုပ်ထားသော VR မျက်မှန်များတပ်ဆင်ထားကြပြီး FPV ဒရုန်းများကို ထိန်းကျောင်းပျံသန်းမောင်းနှင်ကာ Kamikaze နည်းဗျူဟာများအသုံးပြု၍ ပစ်မှတ်များကိုအောင်မြင်စွာ ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ ဤနည်းလမ်းတွင် သစ်တောဧရိယာများ သို့မဟုတ် ကတုတ်ကျင်းများ၌ ပုံဖျက်ဖုံးကွယ်၍ ခံစစ်ပြင်ဆင်နေကြသော ယူကရိန်းတပ်ဖွဲ့ဝင်များကို ခြေရာခံပြီးနောက် တိုက်ခိုက်မှုတိကျစွာပြုလုပ်နိုင်ရန် FPV ဒရုန်းများကို အသုံးပြုခဲ့ကြခြင်းဖြစ်သည်။

အထူးသဖြင့် ရုရှားတပ်မတော် တောင်ပိုင်း စစ်ဒေသခရိုင်လက်အောက်ရှိ အထူးသတ္တုတူးဖော်ရေးတပ်ရင်းမှ ရုရှားတပ်ဖွဲ့ဝင်များသည် Seversky ဒေသသို့ဦးတည်နေသည့် စစ်မျက်နှာလမ်းကြောင်းပေါ်ရှိ ရန်သူ့ပစ်မှတ်များကိုတိုက်ခိုက်ရန် FPV ဒရုန်းများကို အမြောက်အမြားဖြန့်ကြက်အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရသည်။

FPV ဒရုန်းများတွင် အသုံးပြုရန်အတွက် အဖျက်စွမ်းအားပြင်း Payload များကို လိုက်လျောညီထွေဖြစ်အောင် တပ်ဆင်နိုင်ခြင်းသည် ၎င်းတို့ကို တိုက်ပွဲဝင်အသုံးပြုရာတွင် သိသာထင်ရှားသော ဆင့်ကဲဖြစ်စဉ်တစ်ခုဖြစ်ပြီး အထူးသဖြင့် ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့များကြားဖြစ်ပွားနေသောပဋိပက္ခတွင် တွင်ကျယ်စွာအသုံးပြုနိုင်မှုများကို မီးမောင်းထိုးပြလျက်ရှိသည်။ FPV ဒရုန်းများသည် ရန်သူ့တင့်၊ သံချပ်ကာတပ်ဖွဲ့များ၊ ခြေလျင်၊ ခြေမြန်တပ်ဖွဲ့ဝင်များ၊ ခံစစ်ကတုတ်ကျင်း၊ ဘန်ကာများကို တိကျ၊ ထိရောက်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိပြီး သမားရိုးကျကာကွယ်ရေးစနစ်များအတွက် အံ့အားသင့်လောက်ဖွယ်တိုက်စွမ်းရည်များဖြင့် အသုံးပြုတိုက်ပွဲဝင်နိုင်ကြောင်း တွေ့ရှိရသည်။

ထို့ပြင် FPV ဒရုန်းများကိုဖြန့်ကြက်ချထားခြင်းသည် ရုရှားလေထီးတပ်သားများက သမားရိုးကျ မြေပြင်စစ်ဆင်ရေးများနှင့်အတူ အဆိုပါ FPV ဒရုန်းများကို အသုံးပြု၍ တိုက်ရိုက်တိုက်ခိုက်ရေးလုပ်ငန်းစဉ်များတွင် တိုးချဲ့လုပ်ဆောင်လာခဲ့ကြသည်။ ယူကရိန်းတင့်ကားများကို ဟန့်တားခြင်းနှင့် တပ်ဖွဲ့များအားဖယ်ရှား ရှင်းလင်းရာတွင် FPV ဒရုန်းများ၏ထိရောက်မှုကို မီးမောင်းထိုးပြခဲ့ပြီး ဒရုန်းနည်းပညာကို သမားရိုးကျ စစ်ဆင်ရေးနည်းဗျူဟာများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်နေကြပြီဟုလည်း ကောက်ချက်ချနိုင်ကြောင်း သိရသည်။

ရုရှားတပ်မတော်က FPV ဒရုန်းများကို လိုက်လျောညီထွေဖြစ်အောင် အသုံးပြုစစ်ဆင်နိုင်ခြင်းသည် မောင်းသူမဲ့စနစ်များနှင့် ညမြင်ကွင်းသုံးနည်းပညာများတိုးတက်ဖွံ့ဖြိုးလာမှုအပေါ် အလေးပေးသည့် ခေတ်သစ်စစ်ပွဲတွင် သိသာထင်ရှားသော အပြောင်းအလဲကြီးတစ်ရပ်ကိုကိုယ်စားပြုနေကြောင်း သိရသည်။

**Russia intensifies use of armed FPV First Person View drones to strike Ukrainian positions ကို ဘာသာပြန်ဆိုထားပါသည်။**



မင်းမျိုး

# နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေလျက်ရှိသော တပ်မတော်

ဘုန်းမောင်ဝင်း(ဖျာပုံ)

❖ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိရာတွင် ပြည်သူများ၏ဆန္ဒကို မျက်ကွယ်မပြုဘဲ တိုင်းရင်းသားပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ပြီး ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော် တပ်မတော်အပေါ် အမုန်းတရားအာဃာတများဖြင့် တစိုက်မတ်မတ် သွေးထိုးလှုံ့ဆော်နေသော အမျိုးသားသစ္စာဖောက်များ၏ ပယောဂကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများ ယနေ့ထက်တိုင်ဖြစ်ပေါ်နေသည်ကို တိုင်းရင်းသားပြည်သူအားလုံး ကြုံတွေ့နေရသည်။ ❖

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာခဲ့သော တပ်မတော်၏သမိုင်းကို တင်ပြရမည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းတို့ရဲဘော်သုံးကျိပ်သည် ဗြိတိသျှကိုတော်လှန်ရန်စုစည်းပြီး ဂျပန်တို့ထံမှ စစ်ပညာများသင်ယူခဲ့သည်။ မြန်မာနိုင်ငံသို့ ဂျပန်တပ်မတော်နှင့်ဝင်ရောက်ပြီး ဗြိတိသျှတို့ကို တိုက်ခိုက်ရန် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကိုဖွဲ့ခဲ့သည်။ ဂျပန်တို့နှင့်အတူ ဗြိတိသျှတို့ကို တော်လှန်တိုက်ခိုက်ပြီးသော် မြန်မာနိုင်ငံတွင် ဂျပန်အုပ်စိုးမှုခေတ် ရောက်လာသည်။ ဂျပန်ခေတ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) နှင့် ဂျပန်တပ်မတော်တို့အဖြိုင်သဘောမျိုးဖြစ်လာ၍ ဂျပန်က ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ဖျက်သိမ်းရန်စီစဉ်သည်။

၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် အင်အားငါးသောင်းခန့်ရှိသော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကိုဖျက်သိမ်း၍ အင်အားသုံးထောင်ဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ကိုပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဂျပန်တို့ကို တော်လှန်ခဲ့သည်။ ဂျပန်တို့ကို တော်လှန်သည့်အချိန်က ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အင်အားတစ်ရပ်တည်းဖြင့် မလုံလောက်၍ မျိုးချစ်များကို စုစည်းရပြန်သည်။ ထိုအခါ တပ်မတော်ကို တော်လှန်ရေးကာလတစ်လျှောက်လုံး “ဗမာ့အမျိုးသားတပ်မတော်” (BNA)ဟု အမည်ပြောင်းသည်။

တော်လှန်ရေးပြီးသည့်အခါ ၁၉၄၅ ခုနှစ် မေ ၃၀ ရက်တွင်ကျင်းပသော အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့တပ်မတော်ကို အမည်သစ်မှည့်ခေါ်ရန်ဟူသော ဆုံးဖြတ်ချက်တစ်ရပ်လည်းပါသောကြောင့် ဇူလိုင် ၂၃ ရက်တွင် ဗမာ့တပ်မတော်ကို “မျိုးချစ်ဗမာ့တပ်မတော်” (PBF) ဟု ခေါ်ဝေါ်သုံးစွဲရန် တရားဝင်ပြောင်းလဲသတ်မှတ်လိုက်သည်။ မျိုးချစ်ဗမာ့တပ်မတော် (PBF) ၏စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းသည် ဦးစီးဌာနချုပ်မှ စစ်ဘက်အရာရှိများ၊ တိုင်းစစ်မှူးများနှင့်အတူ ၁၉၄၅ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်ထိ အစည်းအဝေးများတွင် မျိုးချစ်ဗမာ့တပ်ဖွဲ့များသည် နိုင်ငံတော်အတွက် မည်သည့်အခါမဆို အမှုထမ်းရန် အဆင်သင့်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာကြသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဗဟန်းမြို့နယ် ကန်တော်ကြီးစောင်းတွင်တည်ရှိသော နေသူရိန် ဇာတ်ရုံကြီးတွင် “ဖတပလ”ကကြီးမှူး၍ လူထုအစည်းအဝေးကြီး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် မြန်မာ့တပ်မတော်နှင့်ပတ်သက်၍ ဒီးဒုတ်ဦးဘချိုက အဆိုတစ်ရပ်တင်သွင်းသည်။ ထိုအဆို၏အနှစ်သာရမှာ လက်ရှိမျိုးချစ်ဗမာ့တပ်မတော်နှင့်တိုင်းရင်းသားပြောက်ကျားတပ်များကိုသာမူတည်၍ မြန်မာပြည်တပ်မတော်သစ်ကိုဖွဲ့စည်းပေးရန်ဖြစ်သည်။ အရှေ့တောင်အာရှ မဟာမိတ်စစ်သေနာပတိချုပ် မောင့်ဘက်တန်က တပ်မတော်ကိစ္စဆွေးနွေးရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ရန် ဖိတ်ခေါ်သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အဖွဲ့ဝင် ၁၁ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည်။

ထိုကိုယ်စားလှယ်အဖွဲ့နှင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့တွင် ဆွေးနွေးကာ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကန္ဒီသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အရ မြန်မာနိုင်ငံတပ်မတော် ဖွဲ့စည်းလျှင် မျိုးချစ်ဗမာ့တပ်မတော်(PBF) မှစစ်သားဦးရေ ၅၂၀၀ ဝင်ခွင့်ရသည်။ အရည်အချင်းပြည့်စုံလျှင် ၂၀၀ မှ ၃၀၀ ထိ ထပ်မံလက်ခံမည်။ အရာရှိ ၂၀၀ ခန့်ခွင့်ရမည်။ တိုင်းရင်းသားများအတွက် အရာရှိ ၅၀ ခန့်ခွင့်ရမည်ဟူ၍ သဘောတူခဲ့ရသည်။ ဤစာချုပ်ကို ကန္ဒီစာချုပ်ဟုခေါ်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) သည် ဂျပန်ခေတ်ကာလက ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ် ဖွဲ့စဉ်ကလည်း အင်အားလျှော့ချခံရသည်။ ဂျပန်တော်လှန်ရေးပြီးသည့်နောက် ဖွဲ့ခဲ့သော မျိုးချစ်ဗမာ့တပ်မတော် (PBF) ဖွဲ့စည်းပြီး အမြဲတမ်းတပ်မတော်ဖွဲ့ခွင့်ရရန် နေသူရိန်အစည်းအဝေးမှ တောင်းဆိုခဲ့သောကြောင့် ကန္ဒီစာချုပ်အရ အင်အားလျှော့ချခြင်းခံရသည်။ ဤသို့လျှော့ချခံရသည့်အတွက် တပ်အတွင်းဝင်ခွင့်မရသူများကို ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူ့ရဲဘော်အဖွဲ့ ဖွဲ့ပေးခြင်းဖြစ်သည်။ ဂျပန်တို့သည် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် လက်နက်ချခဲ့သည်။ ဂျပန်တို့မရှိသောအခါ ဗြိတိသျှတို့သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ပြန်လည်ရောက်ရှိလာသည်။ ယခင်က “ဖတပလ” ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် “ဖဆပလ” ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဟု ပြောင်းလဲခေါ်ဝေါ်သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံသို့ ဘုရင်ခံအဖြစ်ရောက်ရှိလာသည့် ဆာဟူးဘတ်ရန့်စ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ညှိနှိုင်းပြီး ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဘုရင်ခံအမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်စေသည်။ ဘုရင်ခံသည် အမှုဆောင်အဖွဲ့တွင်ဥက္ကဋ္ဌဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယဥက္ကဋ္ဌဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အောင်ဆန်း-အက်တလီ စာချုပ်သည်လည်း အရေးပါလှသည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဆွေးနွေးပွဲကျင်းပသည်။ ထိုဆွေးနွေးပွဲတွင် ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီက နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းက “ကျွန်တော်သည် စစ်သားဖြစ်ပါသည်။ ရိုးရိုးရှင်းရှင်း ပွင့်လင်းစွာပြောတတ်ပါသည်။ သံတမန်သုံး သိမ်မွေ့ဝေ့လည်သော စကားကိုမပြောတတ်ပါ။ မြန်မာပြည်သူတို့သည် အချုပ်အချယ်ကင်းသော လုံးဝလွတ်လပ်ရေးကိုလိုလားတောင်းဆိုကြပါသည်။ မြန်မာပြည်သူတို့ဆိုရာဝယ် တိုင်းရင်းသားလူမျိုး အားလုံးကို ဆိုလိုပါသည်။ လုံးဝလွတ်လပ်ရေးကို အားလုံးအား အဆင့်အတန်းမခွဲခြားဘဲ ပေးမည်၊ ပြင်ပ ပယောဂလည်းကင်းမည်ဆိုလျှင် တိုင်းရင်းသားလူမျိုးများသည် ညီညွတ်စွာ ရပ်တည်ကြပါလိမ့်မည်”ဟူ၍ ပြန်လည်ပြောကြားခဲ့သည်။

ထိုသို့ပြောကြားခဲ့သည့်အတိုင်းပင် မြန်မာ့လွတ်လပ်ရေးရရှိသည့်အခါ တိုင်းရင်းသားလူမျိုးအားလုံး တစ်စုတစ်စည်းတည်း လွတ်လပ်ရေးရရှိခဲ့ကြသည်။ လွတ်လပ်ရေး ပြန်လည်ရရှိပြီးသည့်အခါတွင် အာဏာရနိုင်ငံရေးပါတီများအတွင်း ဂိုဏ်းဂဏကွဲပြားမှု၊ အချင်းချင်းမညီညွတ်မှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်ပြားလာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သွေးခွဲအုပ်ချုပ်ခဲ့သော ဒဏ်ရာအခြေခံသည် ပိုမိုဆိုးရွားလာသည်ဟု ဆိုရမည်။ လွတ်လပ်ရေးရပြီးကာလတစ်လျှောက်တွင် တိုင်းပြည်၌ လက်နက်ကိုင် သောင်းကျန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ပေးခဲ့သည့်ရည်မှန်းချက်များ ပျောက်ကွယ်မှေးမှိန်ခြင်း ဖြစ်ရုံသာမက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမည့်အန္တရာယ်များ အကြိမ်ကြိမ်ပေါ်ပေါက်လာသောကြောင့် တပ်မတော်သည် နိုင်ငံ့တာဝန်များကို မလွှဲမရှောင်သာယူခဲ့ရသည်။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာခဲ့သော နိုင်ငံရေးအကျပ်အတည်း၊ အခက်အခဲများကိုပြေလည်အောင် လက်တွေ့ကျကျ ဖြေရှင်းနိုင်သည့်အဖွဲ့အစည်းမှာ တပ်မတော်သာရှိသည်။ ကျစ်ကျစ်လျစ်လျစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသော တပ်မတော်ကြောင့်သာ လွတ်လပ်ရေးမဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ပို၍ထင်ရှားသောထူးခြားချက်မှာ တပ်မတော်နှင့်ပြည်သူ လက်တွဲကူဘယ်သူရန်မူငုံ့မည်နည်းဆိုသည့်အတိုင်း တပ်မတော်နှင့်ပြည်သူတို့ တစ်သားတည်းရှိနေကြသည်ကပင် မြန်မာနိုင်ငံ၏ကံကြမ္မာ ကောင်းမွန်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားပြည်သူလူထုအပေါင်းသည် အပြုနှင့်အဖျက်ကို ခွဲခွဲခြားခြားသိမြင်ကြသည်။ တပ်မတော်သည် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး ပြည်သူလူထု၏ အကျိုးစီးပွားကိုသာ အစဉ်ဦးထိပ်ထားခဲ့သည်။

တပ်မတော်သည်ပြည်သူအပေါ် ရေလိုလလိုကျင့်သုံးပြီး ရန်သူအပေါ်တွင် နေလိုမီးလိုကျင့်သုံးခြင်းကြောင့်လည်း မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့နေခြင်းဖြစ်သည်။ တပ်မတော်၏ဆောင်ရွက်ချက်များသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းဖြစ်ရာ ပြည်သူနှင့်တပ်မတော်မှာ ရေကိုသားသော် အခြားမထင်သကဲ့သို့ ရှိနေသည်။ သောင်းကျန်းသူများကို တပ်မတော်က တိုက်ခိုက်ချေမှုန်းခြင်းမှာ ပြည်သူအပေါ် လက်နက်စွဲကိုင်အနိုင်ကျင့်၊ ဆက်ကြေးကောက်၊ တံတားဖျက်၊ လမ်းဖျက်၊ မီးရထားလမ်းဖျက်ပြီး ပြည်သူတို့၏ကျန်းမာရေး၊ လူငယ်တို့၏ပညာရေးကို နှောင့်ယှက်နေသူများဖြစ်နေ၍သာ တိုက်ခိုက်ခြင်းဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေခြင်းကြောင့် တိုက်ခိုက်ခြင်းဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၏ဆောင်ရွက်ချက်များကို ထောက်ခံကြသည်။ တပ်မတော်၏ဆောင်ရွက်ချက်ကို မကျေနပ်သည်မှာ အဆိုပါသောင်းကျန်းသူများနှင့် မြန်မာနိုင်ငံပျက်စီးရေးကိုလိုလားသည့် ပြည်ပနိုင်ငံအချို့သာ ဖြစ်သည်။ ၎င်းတို့အနေဖြင့် သတင်းအမှားကို တွင်ကျယ်စွာဖြန့်သည်။ အကြမ်းဖက်သောင်းကျန်းသူတို့ လုပ်ဆောင်သည့်အဖျက်လုပ်ရပ်မှန်သမျှ တပ်မတော်ကလုပ်ဆောင်နေသယောင် ဝါဒဖြန့်သည်။ သတင်းမှားကို ယုံစားမိသောလူငယ်များမှာ လမ်းမှားရောက်သွားကြသည်။

တပ်မတော်သည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေလျက်ရှိသည်။ သစ္စာစောင့်သိရိုသေလျက်ရှိကြောင်းကိုလည်း ထင်ရှားသောသမိုင်းဖြစ်စဉ်များက မှတ်တမ်းထားသည်။ မြန်မာနိုင်ငံတွင် ဖက်ဆစ်အုပ်စိုးမှုကာလသည် အဆိုးရွားဆုံးဖြစ်သည်။ အဆိုပါဖက်ဆစ်တို့ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်သော တပ်မတော်က ပြည်သူနှင့်လက်တွဲပြီး တော်လှန်ခဲ့ကြသည်။ ထို့အတူ လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းဆူပူသောင်းကျန်းမှု၊ ပြည်ပကျူးကျော်မှုတို့ကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တပ်မတော်က ပြည်သူလူထု၏ ထောက်ခံအားပေးမှုနှင့် တိုက်ထုတ်ခဲ့ရသည်။ ဖက်ဆစ်တော်လှန်ရေး စတင်ဆင်နွှဲခဲ့သော ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်သည် မြန်မာနိုင်ငံအတွက်၊ မြန်မာပြည်သူတို့အတွက် အထူးသတိရ မမေ့သင့်သော နေ့တစ်နေ့ဖြစ်ခဲ့သည်။

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ပြီးသည့်အချိန်မှစ၍ မြန်မာတို့၏ကိုယ်ပိုင်တပ်မတော်ဖြစ်လာခဲ့သည်။ ထို့ကြောင့် မတ် ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်သည် (၇၉)နှစ်မြောက် တပ်မတော်နေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိရာတွင် ပြည်သူများ၏ဆန္ဒကို မျက်ကွယ်မပြုဘဲ တိုင်းရင်းသားပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ပြီး ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်တပ်မတော်အပေါ် အမုန်းတရားအာဃာတများဖြင့် တစိုက်မတ်မတ် သွေးထိုးလှုံ့ဆော်နေသော အမျိုးသားသစ္စာဖောက်များ၏ ပယောဂကြောင့် အချင်းချင်းစိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများ ယနေ့ထက်တိုင်ဖြစ်ပေါ်နေသည်ကို တိုင်းရင်းသားပြည်သူအားလုံး ကြုံတွေ့နေရသည်။ ပဋိပက္ခ၏ဆိုးမွေကိုခံစားနေကြရသည်။

နိုင်ငံတော်တွင် မည်သို့သောအခက်အခဲမျိုးနှင့် ကြုံတွေ့နေရသည်ဖြစ်ပါစေ တပ်မတော်သည် အောင်မြင်စွာကျော်လွှားဖြေရှင်းနိုင်သည်သာ ဖြစ်သည်။ နိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းသာယာပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် တပ်မတော်သည် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး သောင်းကျန်းသူ အဖျက်သမားများကို ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်သည်။ ပြည်သူများလိုလားသည့် တည်ငြိမ်အေးချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် အဖျက်အန္တရာယ်များကို ဖယ်ရှားရှင်းလင်းရာတွင် တပ်မတော်၏ ထက်မြက်သော တိုက်စွမ်းရည်နှင့် တိုင်းရင်းသားပြည်သူများ၏ နိုးကြားတက်ကြွသော ပူးပေါင်းပါဝင်မှုသည် အောင်မြင်မှုပင်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေလျက်ရှိသော တပ်မတော်တစ်ရပ် ရှိနေသမျှကာလပတ်လုံး အကြမ်းဖက်သောင်းကျန်းသူတို့ ချုပ်ငြိမ်းပြီးပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။


**ကိုးကား–**

၁။ **စာရေးဆရာကြီးတင့်တယ်၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာတမ်း (၅)စောင်**

၂။ **တပ်မတော်သမိုင်း (တတိယတွဲ) (ကကပြည်)**

၃။ **နေ့စဉ်ထုတ်သတင်းစာများ**

# တွံတေးမြို့နယ် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှစ်ဦးသံပုံစေတီပူဇော်ပွဲကို ရှမ်းရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



ယခင်နှစ်က နှစ်ဦး သံပုံစေတီပူဇော်ပွဲ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ရှမ်းရိုးရာဓလေ့ နှစ်ဦးသံပုံစေတီပူဇော်ပွဲကို ရှမ်းရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းအောင်စိန်ဆိုင်းက ပြောပြ၍ သိရသည်။

အဆိုပါ နှစ်ဦးသံပုံစေတီပူဇော်ပွဲကို ဧပြီ ၁၇ ရက်တွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ရင်ပြင်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ယခုနှစ်တွင် ပြုလုပ်သည့် သံပုံစေတီပူဇော်ပွဲတော်သည် (၄၁၉) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ကျင်းပနေကျပွဲဖြစ်ပါတယ်။ တွံတေးမြို့နယ်အတွင်းမှာ ရှမ်းတိုင်းရင်းသားတွေ နေထိုင်တဲ့ ရှမ်းရွာပေါင်း ငါးရွာက ရှမ်းတိုင်းရင်းသားတွေ စုပေါင်းပြီးတော့ နှစ်စဉ် ကျင်းပနေကျဖြစ်ပါတယ်။ သံပုံစေတီတော်ကိုတော့ ရှမ်းရွာတွေက စုပေါင်းလုပ်ဆောင်ကြတာဖြစ်ပြီး စေတီတော်ဟာ ရွှေဆံတော်စေတီတော်ကြီး ရင်ပြင်မှာ နှစ်ရက်တာ အပူဇော်ခံပြီးတော့ ရှမ်းရွာတွေကို လှည့်လည်အပူဇော်ခံမှာဖြစ်ပါတယ်။ သံပုံစေတီကို ရွှေဆံတော်စေတီတော်ကြီးဆီ သယ်ဆောင်လာစဉ်မှာလဲ ရှမ်းရိုးရာအကတွေနဲ့ပင့်ဆောင်ခဲ့ပြီးတော့ ရှမ်းရွာတွေကို လှည့်လည်အပူဇော်ခံရာမှာလဲ ရှမ်းရိုးရာအကတွေနဲ့ ပူဇော်ကပြကြမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းအောင်စိန်ဆိုင်းက ပြောပြသည်။

သံပုံစေတီပူဇော်ပွဲပြုလုပ်ရာတွင် ရှမ်းတိုင်းရင်းသားများနေထိုင်ရာရွာများဖြစ်သည့် ရှမ်းစုကြီး၊ ညောင်တံခါး၊ မူးလမန်း၊ ငါးခမ်း၊ မစမ်းရွာတို့က ဦးဆောင်ကာ နှစ်စဉ် နှစ်ဦးသံပုံစေတီတည်ထားပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Heart of the Beast ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အေယာ ရိုက်ကူးမည်

**နယူးယောက် မတ် ၂၆**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Heart of the Beast ဇာတ်ကားသစ်ကို ဒါရိုက်တာ ဒေးဗစ်အေယာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ထုတ်လုပ်သူ ဒါမီယံချာဇယ်က ထုတ်လုပ်မည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကင်မရွှန်းအလက်ဇန်းဒါးက ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Heart of the Beast ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အနုပညာရှင်များကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Heart of the Beast ဇာတ်ကားသည် အမေရိကန်ရေတပ်အထူးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးနှင့် ၎င်း၏ ခွေးတို့အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

သို့ရာတွင် Heart of the Beast ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ထို့ပြင် ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# မျက်တော်ပြေ ဇာတ်လမ်းတွဲကို ဧပြီလတွင် SKY Film Production You Tube Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် မတ် ၂၆**

SKY Film Production က ရိုက်ကူးထုတ်လုပ်သည့် မျက်တော်ပြေ ဇာတ်လမ်းတွဲကို ဧပြီလတွင် SKY Film Production YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ သီဟသစ်က ပြောပြ၍ သိရသည်။

မျက်တော်ပြေ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ရေးသားထားကာ ညမွှေးပန်းနှင့် ရန်ရှင်းတို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ သီဟသစ်နှင့် တွဲဖက်ဒါရိုက်တာ သုခကျော်စိုးတို့က တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် SKY Film Production မူပိုင်ဇာတ်လမ်းတွဲလည်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ SKY Film Production ရဲ့ မူပိုင်ဇာတ်လမ်းတွဲဖြစ်ပါတယ်။ သရုပ်ဆောင်သစ်တွေနဲ့ ရိုက်ကူးထားတဲ့ SKY Film Production ရဲ့ ဒုတိယမြောက်ဇာတ်လမ်းတွဲလဲဖြစ်ပါတယ်။ ဧပြီလ ပထမပတ်လောက်မှာ SKY Film Production YouTube Channel ကနေ ထုတ်လွှင့်ပြသပေးမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ရုပ်သံလိုင်းတွေကနေ ကြည့်ရှုနိုင်အောင်လဲ ထုတ်လွှင့်ပြသနိုင်ဖို့ စီစဉ်နေပါတယ်"ဟု အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ သီဟသစ်က ပြောပြသည်။




မျက်တော်ပြေ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တေဇလင်းရောင်၊ ဥွဲ၊ ကောင်းစစ်၊ ခိုင်သင်းဦး၊ မိုးမြင့်မြတ်စိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Ghostbusters ဇာတ်ကားအားလုံး၏ ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိလာ

**နယူးယောက် မတ် ၂၆**

Ghostbusters: Frozen Empire ဇာတ်ကား ရုံတင်ပြီးနောက် Ghostbusters ဇာတ်ကားအားလုံး၏ စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိလာပြီဖြစ်ကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

Ghostbusters: Frozen Empire ဇာတ်ကား၏ ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၅ သန်းထိရှိခဲ့ပြီးနောက် Ghostbusters ဇာတ်ကားအားလုံး၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့ခြင်းဖြစ်သည်။

Ghostbusters: Frozen Empire ဇာတ်ကားသည် Ghostbusters ဇာတ်ကားများအနက် ပဉ္စမမြောက်ဇာတ်ကားဖြစ်သည်။

Ghostbusters: Frozen Empire ဇာတ်ကားကို ဒါရိုက်တာ ဂျိုကီနန်က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကာ မင်းသမီး မက်ကင်နာဂရေ့၊ အမ်မလီအယ်လိုင်းလင်နှင့် မင်းသား ဘီမာရေးတို့ပါဝင်ထားပြီး အဆိုပါဇာတ်ကားကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ယခုနှစ် မတ် ၂၂ ရက်တွင် ရုံတင်ပြသခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# တာမွေမြို့နယ်တွင် နွေရာသီအခြေခံပန်းချီ အခမဲ့သင်တန်း ဖွင့်လှစ်သင်ကြားပေးမည်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တွင် အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီအခြေခံပန်းချီ အခမဲ့သင်တန်းဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံး (တာမွေမြို့နယ်)မှ ဗဟိုအလုပ်အမှုဆောင် ပန်းချီ ဆန်းသစ်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီအခြေခံပန်းချီ အခမဲ့သင်တန်းကို တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၂၀ ကို လက်ခံကာ တာမွေမြို့နယ်ရှိ ကျားကူးမွှာရုံကြီးတွင် ဧပြီ ၁ ရက်မှစတင်ကာ ဧပြီ ၇ ရက်ထိသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တာမွေမြို့နယ်အတွင်းက အခြေခံပညာမူလတန်းကျောင်းမှာ သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲက စိတ်ပါဝင်စားသူတွေကို အခမဲ့သင်တန်းပေးမှာဖြစ်ပါတယ်။ သင်တန်းမှာ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို အခမဲ့ပံ့ပိုးပေးမဲ့အပြင် ထမင်းနဲ့မုန့်လဲ ကျွေးပါမယ်။ လာရောက်ပို့ချပေးမဲ့ ဆရာ၊ ဆရာမတွေကတော့ မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံး(ဗဟို)က ဖြစ်ပါတယ်"ဟု ပန်းချီ ဆန်းသစ်ဦးက ပြောပြသည်။

အဆိုပါ သင်တန်းတွင် ပန်းချီရေးဆွဲနည်းများ၊ မျဉ်းအကြောင်း၊ ဆတိုး/ဆခွဲနည်း၊ (မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်)၊ ခန္ဓာကိုယ်ရေးဆွဲနည်း၊ သစ်ပင်ပန်းမာလာရေးဆွဲနည်း၊ အနီးအဝေးနည်းပညာ၊ အရာဝတ္ထု ရေးဆွဲနည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ နွေရာသီအားလပ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာရေးခြင်း၊ စာဖတ်ခြင်းများနှင့် စာကျက်ခြင်းများအပြင် မိမိတို့ဝါသနာပါသည့် အသိပညာ၊ အတတ်ပညာများဖြင့် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ အခြေခံပန်းချီသင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla visit and greet retired Tatmadaw officers and wives who will be attending 79th Tatmadaw Day Parade


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially converse with retired senior military officers and their wives.


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially greet retired senior military officers and their wives.

**Nay Pyi Taw March 26**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla visited and greeted retired Tatmadaw officers and their wives who will be attending the 79th Tatmadaw Day Parade and are currently staying at the Bayintnaung Villa in Nay Pyi Taw this morning.

At the meeting, the Senior General and his wife paid respects to the retired Tatmadaw officers and their wives individually, wished them good health, asked about social and health needs and made coordination to fulfill their needs.

During the meeting, the Senior General spoke about state of maintaining good traditions of the Tatmadaw, construction of the Maravijaya Buddha Image, the world's tallest sitting marble image, and Maravijaya Buddha Garden, the state of measures being taken by the State Administration Council for peace and stability and all-round development of the nation and preservation for long-term existence and durability of religion and cultural heritage. The retired Tamadaw officers expressed their pride and joy in participating in the Tatmadaw Day military parade. They also said that they supported and recognized the efforts for the nation's responsibilities from all sides. 100


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially converse with retired senior military officers and their wives.


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially greet retired senior military officers and their wives.

# Bridge in U.S. Baltimore city collapses after boat collision, 7 people in water

**Washington March 26**

The Francis Scott Key Bridge in the U.S. city of Baltimore collapsed early Tuesday after a large ship collided with it, and local authorities were trying to rescue at least seven people.

According to a video posted on X, formerly Twitter, a large ship crashed into the bridge and caught fire before sinking, sending several vehicles into the Patapsco River.

"All lanes closed both directions for incident on I-695 Key Bridge. Traffic is being detoured," the Maryland Transportation Authority posted on X.

Emergency responders were searching for at least seven people who were believed to be in the water, Baltimore City Fire Department Chief James Wallace said during a news conference Tuesday morning.

Two people were rescued from the Patapsco River, with one not injured and the other taken to a local trauma center in "very serious condition," said Wallace.

The Baltimore Fire Department's communication director Kevin Cartwright said that authorities received 911 calls around 1:30 a.m. local time (0530 GMT) reporting that a ship traveling outbound from Baltimore had struck a pillar on the bridge, causing it to collapse.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 79th Anniversary Armed Forces Day pre honorary dinner hosted




Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and invited guests enjoy performances of artistes from Myawady music troupe and civilian artistes in the play "With these hands".

**Nay Pyi Taw March 26**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla hosted a pre honorary dinner to mark the 2024 79th Anniversary Armed Forces Day at the square in front of Zeyathiri Villa here this evening.

Fireworks were displayed from Military Parade Ground and Bayintnaung Villa to honour 79th Anniversary Armed Forces Day.

The Senior General and wife cordially greeted the attendees, Deputy Minister of Defence of Russian Federation Colonel General Alexander Vasilyevich Fomin and party, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Vice-Admiral Zwe Win Myint and wife, Commander-in-Chief (Air) General Tun Aung and wife, the SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers and wives, senior military officers from Office of Commander-in-Chief and wives, families of Thirty Comrades, families of retired commanders in chief, retired senior Tatmadaw (Army, Navy and Air) officers, Independence Grade I, Grade II and Grade II Hmawgun Award winners, advisers, deputy ministers, retired Tatmadaw member ambassadors, Nay Pyi Taw Council members, military attaches and officials of foreign missions, representatives of NCA signatory EAOs, chairs and officials of political parties, families and relatives of Aung San Thuriya Title holders, Thiha Thura, Thura and military gallantry title and gallantry certificate winner soldiers and families and relatives, members of Myanmar War Veterans Organization, members of people's militia (transformed), original people's militia, border guard central advisory and control group, officials of Myanmar Police Force, fire brigade and Myanmar Red Cross Society, officials and staff of ministries, officials of YMBA, Myanmar Women's Affairs Federation, Myanmar Maternal and Child Welfare Association and Interfaith Friendship Association (Central), artistes who took party in movies honouring the Armed Forces Day, winners of marching song, military song, poem, short story, novel competitions, donors of Armed Forces Day, officials of Myanmar Press Council, Motion Picture, Thabin and Music associations, members of universities training corps, teachers and students of National Races Development University and invited guests.



Senior General Min Aung Hlaing frankly shakes hands with Deputy Minister for Defence of Russian Federation Colonel General Alexander Vasilyevich Fomin.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially greet diplomats at the pre-dinner in honour of the 79th Anniversary of Armed Forces Day.

Artistes and Myawady music troupe of Directorate of Public Relations and Psychological Warfare, Office of Commander-in-Chief (Army), and civilian artistes staged entertainment programs before and during the dinner.

After the dinner, the Senior General and party cordially greeted the attendees. Fireworks were displayed to mark the success of the ceremony.

The Senior General and wife and attendees enjoyed the play "With these hands" staged by male and female soldiers under the command of DPRPW at the Thabin Hall of the villa.

After the play, the Senior General and wife presented flower baskets to the performers and cordially greeted the attendees.

In honour of the 79th Anniversary Armed Forces Day, military brands of Tatmadaw (Army, Navy and Air) and military commands, figures of military vessels, helicopters, armoured cars along the entrance road of Office of Commander-in-Chief (Army), and the statues of the kings who founded the first, second and third Myanmar kingdoms were illuminated with multi colour lights. Attendees of the dinner watched the illuminated decorations with so much pleasure. 100



Military attachés of foreign missions attend pre-dinner in honour of the 79th Anniversary of Armed Forces Day.

# ဂျပန်ဆိပ်ကမ်းများနှင့် လေဆိပ်များကိုအသုံးပြုရန် အခက်တွေ့လာသော အမေရိကန်တပ်ဖွဲ့များ



အမေရိကန်ရေတပ်ရှိ ပဲ့ထိန်းဒုံးကျည်ဖျက်သင်္ဘော USS Rafael Peralta သည် မကြာသေးမီအချိန်အတွင်းက အိုကီနာဝါနှင့် တရုတ်(ထိုင်ပေ)ကြားရှိ ဂျပန်နိုင်ငံ၏ အီရှိဂါကီကျွန်းသို့သွားရောက်ခဲ့ရာ ဒေသခံများက လက်နက်များတပ်ဆင်ထားသော ၎င်းသင်္ဘောကို ဆိပ်ကမ်းဆိုက်ကပ်ခွင့်အတွက် လက်ခံရန် ငြင်းဆန်ခဲ့ကြသည်။

ဒေသဆိုင်ရာအာဏာပိုင်များက ရေပြင်အနေအထားသည် သင်္ဘောဆိုက်ကပ်နိုင်သည်ထိ နက်ရှိုင်းမှုမရှိကြောင်းပြောဆိုကာ ဆိပ်ကမ်းသို့ ဆိုက်ကပ်ခွင့်အတွက် ဦးစွာငြင်းဆိုခဲ့သည်။ ထို့နောက် အာဏာပိုင်များသည် ဆိုက်ကပ်ခွင့်အတွက် အလျှော့ပေးခဲ့ရသော်လည်း ဒေသဆိုင်ရာသင်္ဘောကျင်းလုပ်သားသမဂ္ဂသည် အဆိုပါသင်္ဘောဆိုက်ကပ်မှုကို ဆန့်ကျင်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အမေရိကန်ရေတပ်သင်္ဘောများသည် ဂျပန်အရပ်ဘက်ဆိပ်ကမ်းများသို့ ဆိုက်ကပ်ရာတွင် အခက်အခဲကြုံတွေ့ရလေ့ရှိသည်မှာ ယခုဖြစ်စဉ်သည် ပထမဆုံးအကြိမ်တော့မဟုတ်ချေ။

ဂျပန်နိုင်ငံကို အမေရိကန်၏ ခိုင်မာသောမဟာမိတ်အဖြစ် သဘောထားသည့်အတွက် အမေရိကန်နှင့် ခပ်ကင်းကင်းနေ၍ရနိုင်မည်မဟုတ်ချေ။ အမေရိကန်အနေဖြင့်လည်း ဂျပန်နိုင်ငံကိုကာကွယ်ပေးရန် တာဝန်ရှိသည့်အပြင် နှစ်နိုင်ငံသည် ၁၉၆၀ ပြည့်နှစ်ကတည်းက အမေရိကန်-ဂျပန် ပူးတွဲလုံခြုံရေးဆိုင်ရာစာချုပ်ကို လက်မှတ်ရေးထိုးထားရှိသည်။

ထို့ကြောင့် အမေရိကန်စစ်ဘက်သည် ဟန့်တားနိုင်မှုစွမ်းဆောင်ရည်ထိန်းသိမ်းထားနိုင်ရေး၊ အထူးသဖြင့် ဂျပန်နိုင်ငံကိုတိုက်ခိုက်လာလျှင် ကာကွယ်ရေးအတွက် စစ်ဆင်ရေးဆိုင်ရာလုပ်ငန်းလည်ပတ်မှုများ လုပ်ဆောင်သွားရန်လိုအပ်သည်။ သို့သော် အမေရိကန်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများသည် ဒေသခံပြည်သူများ၏ကန့်ကွက်မှုများ၊ ပိုမိုပြင်းထန်သောဆန့်ကျင်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ဒေသခံများက အမေရိကန်စစ်ဘက်၏ လှုပ်ရှားဆောင်ရွက်မှုများသည် စီးပွားရေးလုပ်ငန်းများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေလျက်ရှိသည်ဟု ပြောဆိုလျက်ရှိသည်။ ဆိုရလျှင် အီရှိဂါကီကျွန်းတွင်ဖြစ်ပွားခဲ့သော ကန့်ကွက်မှုသည် ဒေသခံများ၏ဆန္ဒကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အမေရိကန်အနေဖြင့် ဆိုက်ကပ်ရန်အခက်အခဲရှိသော အီရှိဂါကီနှင့် အခြားဆိပ်ကမ်းများသို့ စစ်သင်္ဘောများစေလွှတ်ခဲ့ခြင်းမရှိပေ။ သို့သော် ကာကွယ်ရေးစွမ်းဆောင်ရည်ထိရောက်စေရန်အတွက် အမေရိကန်စစ်ဘက်သည် ဂျပန်ဆိပ်ကမ်းများစွာ၌ ဆိုက်ကပ်ခွင့်ရရှိသွားလိုသောဆန္ဒရှိနေသည်။ အမေရိကန်အနေဖြင့် စစ်မက်မဖြစ်ပွားမီ ငြိမ်းချမ်းချိန်အခြေအနေ၌ ဂျပန်ဆိပ်ကမ်းများကို အသုံးပြုသွားလိုသောဆန္ဒရှိနေခြင်းပင်ဖြစ်သည်။

ထိုသို့ ဆိုက်ကပ်ခွင့်ရရှိခြင်းသည် ပြဿနာဖြစ်ပွားသည့်အချိန်မှသာ အခြေအနေကို တွက်ချက်ဆောင်ရွက်ခြင်းထက် ဒေသခံများအပါအဝင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်သွားမည့်နေရာတို့နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဆိုရလျှင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကိုလည်း အားကစားအသင်းတစ်သင်း သို့မဟုတ် သံစုံတီးဝိုင်းတစ်ခုကဲ့သို့ပင် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလုပ်ဆောင်သွားရန် လိုအပ်သည်။

တိုက်ပွဲဆင်နွှဲရန် ဆိပ်ကမ်းများစွာရှိနေခြင်းသည် ပြိုင်ဘက်ကို ပစ်မှတ်ရှာဖွေရန်အခက်အခဲဖြစ်စေမည်ဖြစ်သည်။ ဆိုလိုသည်မှာ ရန်သူအနေဖြင့် မိမိ၏စစ်ဘက်အခြေစိုက်စခန်းများကို ရှာဖွေတိုက်ခိုက်ရန်ခက်ခဲသဖြင့် တိုက်ပွဲများ ဆက်လက်ဆင်နွှဲနိုင်သည့် အားသာချက်ရှိနေခြင်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့များသည် စစ်အခြေစိုက်စခန်းအရေအတွက် နည်းပါးသဖြင့် ပျော့ကွက်ဟာကွက်ရှိလာပြီဖြစ်သည်။ အမှန်တွင် အမေရိကန်စစ်အခြေစိုက်စခန်းများသည် တရုတ်ဒုံးကျည်များအတွက် လွယ်ကူသောပစ်မှတ်များဖြစ်လာပြီဖြစ်သည်။

အမေရိကန်ရေတပ်အပြင် အမေရိကန်လေတပ်၊ မရိန်းတပ်ဖွဲ့နှင့် ရေတပ်ဆိုင်ရာလေတပ်ဖွဲ့များသည် အခြေစိုက်စခန်းအနည်းငယ်သာရှိသဖြင့် အလားတူပြဿနာများကို ကြုံတွေ့ရင်ဆိုင်ရလျက်ရှိသည်။ ဂျပန်နိုင်ငံသည် အရပ်ဘက်လေယာဉ်ကွင်း ၁၀၀ ကျော်တည်ဆောက်ထားသော်လည်း ၎င်းလေဆိပ်အများစုကို အသုံးပြုလျက်ရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် ဟန့်တားကာကွယ်နိုင်ရေးအတွက် အရပ်ဘက်လေဆိပ်များကို အမေရိကန်စစ်ဘက်လေယာဉ်များနှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့ကို အသုံးပြုခွင့်ပေးသွားရန်လိုအပ်လာပြီဖြစ်သည်။

ယူကြူးကျွန်းတန်းအဖြစ်လည်း လူသိများသည့် ဂျပန်နိုင်ငံ၏ တောင်ပိုင်းကျွန်းစုများဖြစ်သည့် နန်စီရှိုတိုရှိ အရပ်ဘက်ဆိပ်ကမ်းနှင့် ဂျပန်နိုင်ငံ၏အခြားသောဆိပ်ကမ်းများကို အမေရိကန်စစ်ရေယာဉ်များ အသုံးပြုမှုနှင့်စပ်လျဉ်း၍လည်း နိုင်ငံရေးဆိုင်ရာသဘောထားအမြင်များရှိနေသည်။

အမေရိကန်-ဂျပန်တပ်ဖွဲ့များ အဆင့်အတန်းသဘောတူညီချက်အရ ဂျပန်အစိုးရသည် အမေရိကန်စစ်ရေယာဉ်များနှင့် လေယာဉ်များကို ဂျပန်နိုင်ငံ၏ဆိပ်ကမ်းများနှင့် လေယာဉ်ကွင်းများကို အသုံးပြုခွင့်ပေးရန် တာဝန်ရှိပေသည်။ အမေရိကန်သည် ဆယ်စုနှစ်များစွာကြာ အဆိုပါအခွင့်အရေးများကို အပြည့်အဝအသုံးချနိုင်ခဲ့ခြင်းမရှိပေ။ အမေရိကန်အနေဖြင့် ဂျပန်နိုင်ငံကို အကာအကွယ်ပေးရေးအတွက် လုပ်ဆောင်ရာတွင် ထိန်းထိန်းသိမ်းသိမ်းဖြင့် လုပ်ဆောင်လျက်ရှိသည်။ အမေရိကန်တို့အနေဖြင့် ကိုယ်ပိုင်ကာကွယ်ရေးနှင့် သက်ရှင်ကြွင်းကျန်နိုင်ရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိရေးအတွက် တိုးမြှင့်လုပ်ဆောင်သွားရန်လည်း လိုအပ်လျက်ရှိသည်။

အီရှိဂါကီကဲ့သို့သော ဆိပ်ကမ်းများသို့ ဆိုက်ကပ်ခြင်းသည် နှစ်နိုင်ငံပူးတွဲလုံခြုံရေးဆိုင်ရာသဘောတူညီချက်ပါ အစဉ်အလာများကို ထိန်းသိမ်းရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အမေရိကန်စစ်ရေယာဉ်များအနေဖြင့် ဂျပန်ဆိပ်ကမ်းများသို့ ပုံမှန်ဆိုက်ကပ်သွားရန်လိုအပ်ပေသည်။ စင်စစ်အားဖြင့် ဒေသခံများ၏ စိတ်ခံစားချက်များနှင့် ဂျပန်နိုင်ငံကာကွယ်ရေးအတွက်လိုအပ်သည့် လုပ်ဆောင်ချက်တို့ကြား ဟန်ချက်ထိန်းညှိသွားရန် လိုအပ်ပေသည်။ သို့သော် လွန်ခဲ့သောနှစ်များအတွင်း အခြေအနေများသည် မှားယွင်းသောလားရာသို့ ဦးတည်ခဲ့ပြီး မူလအခြေအနေသို့ ရောက်ရှိခြင်းမရှိသေးပေ။

သို့သော် မကြာသေးမီက နန်စီရှိုတိုတွင် Iron Fist စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်နိုင်ခဲ့သဖြင့် တိုးတက်မှုများရှိလာခဲ့သည်။ အမေရိကန်ရေတပ်မရိန်းတပ်ဖွဲ့နှင့် ဂျပန်တပ်ဖွဲ့များကြား ပူးတွဲပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုသည် အိုကီနိုရာဘူကျွန်းသို့ ဆိုက်ကပ်ခြင်းတို့ ပါဝင်ခဲ့သည်။ ၎င်းကျွန်းသည် အိုကီနာဝါနှင့် ဂျပန်နိုင်ငံ၏ တောင်ပိုင်းစွန်းရှိ အဓိကကျွန်းဖြစ်သည့် ကျူရှူးကျွန်းတို့ကြား အလယ်ဗဟိုတွင်တည်ရှိသည်။ ဒေသခံများကန့်ကွက်မှုနှင့် ဗဟိုအစိုးရ၏ တုံ့ပြန်မှုတို့ကြောင့် ကာလအတန်ကြာထိ အဆိုပါစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ အမေရိကန်စစ်ဘက်၏ လှုပ်ရှားဆောင်ရွက်မှုသည် တဖြည်းဖြည်းတိုးတက်လျက်ရှိသော်လည်း ဒေသနှင့်ဗဟိုအစိုးရအဆင့်တို့တွင် ဆန့်ကျင်ကန့်ကွက်မှုများရှိနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းများအတွင်း၌ပင်လျှင် အမေရိကန်စစ်ဘက်၏လှုပ်ရှားမှုများကို ကန့်ကွက်မှုများရှိနေသည်။

အချို့သောကန့်ကွက်မှုများသည် မူဝါဒအရဆန့်ကျင်ကန့်ကွက်ခြင်းဖြစ်ပြီး ပြည်သူများကမူ စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံးကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပွဲကာလတွင် ကြောက်မက်ဖွယ်ရာကောင်းသည့်ဖြစ်စဉ်များကို တွေ့ကြုံခဲ့ရသောကြောင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ဆန့်ကျင်နေခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနှင့် အချို့သောပြည်သူများသည် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

အထူးသဖြင့် အိုကီနာဝါကျွန်း၊ နန်စီရှိုတိုကျွန်းတန်းတစ်လျှောက်ရှိ အခြားသောကျွန်းများ၌ အမေရိကန်နှင့် ဂျပန်စစ်ဘက်တည်ရှိနေမှုကို ထောက်ခံသူများလည်း အမှန်ပင်ရှိနေသည်။ ဒေသခံများ၏ ကန့်ကွက်မှုအပြင် ပိုမိုကြီးမားသောဟန့်တားမှုသည် စီးပွားရေးလုပ်ငန်းများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်လာသောကြောင့်ပင်ဖြစ်သည်။ ဆိုရလျှင် ဒေသခံများသည် ၎င်းတို့အနီးအနားတွင် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခွင့်ပြုခြင်းအတွက် ဗဟိုအစိုးရထံမှ ပံ့ပိုးငွေများ လက်ခံရရှိလျက်ရှိသည်။ ကန့်ကွက်မှုများလုပ်ဆောင်လေလေ ပံ့ပိုးငွေများပိုမိုရရှိလာလေလေဖြစ်သည့်အတွက် ဒေသခံများ၏ကန့်ကွက်မှုများရှိနေခြင်းပင်ဖြစ်သည်။

ဗျူရိုကရက်များအနေဖြင့်လည်း ရပိုင်ခွင့်များရှိနေသည့်အပြင် ဝေဖန်ခံရမှုကိုစိုးရိမ်နေသဖြင့် ဒေသခံများနှင့်ပူးပေါင်းကာ အမေရိကန်စစ်ဘက်၏လှုပ်ရှားမှုများအပေါ် အမြဲတစေ စောဒကတက်လျက်ရှိသည်။ သို့သော် ဂျပန်စစ်ဘက်အနေဖြင့်မူ ထိုသို့ စောဒကတက်ရန် အနေအထားမရှိသေးပေ။ အမေရိကန်အနေဖြင့် စစ်လေယာဉ်နှင့် ရေယာဉ်များဆိုက်ကပ်ခွင့်ရရှိရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသောလည်း ဂျပန်နိုင်ငံကို ကာကွယ်ရေးအတွက် လေ့ကျင့်သင်တန်းပေးရာတွင် မကြာခဏ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။

အမေရိကန်ပြည်သူများကမူ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်တပ်ဖွဲ့များကို ၎င်းတို့အတွက် အသက်ပေးရန်အတွက်သာ လက်ခံသွားလိုသည့်ဆန္ဒရှိနေသည်ဟု ရှုမြင်ထားရှိသည်။ ထိုသို့ သဘောထားခြင်းသည် လုံးဝတရားမျှတမှုရှိမည်မဟုတ်ကြောင်း ပြောဆိုလျက်ရှိသည်။ ဂျပန်နှင့် အမေရိကန်တို့သည် တရုတ်၏ ခြိမ်းခြောက်မှုများရှိနေသည့်အတွက် အီရှိဂါကီကျွန်းတွင် USS Rafael Peralta ကြုံတွေ့ခဲ့ရသည့် ဟန့်တားနှောင့်ယှက်မှုမျိုး မရှိသင့်တော့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောဆိုလျက်ရှိသည်။

ဂျပန်နိုင်ငံအနေဖြင့် ၎င်းတို့၏ဆိပ်ကမ်းများသို့ အမေရိကန်ရေတပ်စစ်သင်္ဘောများ ဆိုက်ကပ်မှုနှင့် ဂျပန်လေယာဉ်ကွင်းများကို အမေရိကန်စစ်လေယာဉ်များ ပိုမိုအသုံးပြုလာမှုကို လက်မခံနိုင်လျှင် မဟာမိတ်ဖွဲ့ထားမှုသည် ဂျပန်ပြည်သူများအတွက် အမေရိကန်တပ်ဖွဲ့ဝင်များအသက်ပေးရန် အာမခံနိုင်မည်မဟုတ်တော့ကြောင်းနှင့် ဂျပန်နိုင်ငံကာကွယ်ရေးအတွက် သင့်လျော်သောကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခွင့်ပြုသင့်ကြောင်း အမေရိကန်ပြည်သူများက ပြောဆိုလျက်ရှိသည်။ သို့သော် စစ်၏အနိဋ္ဌာရုံကို ကြုံတွေ့ခဲ့ရသောဂျပန်ပြည်သူများသည် အမေရိကန်စစ်ဘက်၏လှုပ်ရှားမှုများကို ဆက်လက်ဆန့်ကျင်ကန့်ကွက်နေဦးမည်ဖြစ်သည့်အတွက် ဂျပန်-အမေရိကန် ပူးတွဲလုံခြုံရေးဆိုင်ရာစာချုပ်သည် ဂျပန်နိုင်ငံကို လက်တွေ့အကာအကွယ်ပေးသွားနိုင်မလားဆိုသောအချက်ကိုမူ စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**❖ တိုက်ပွဲဆင်နွှဲရန် ဆိပ်ကမ်းများစွာရှိနေခြင်းသည် ပြိုင်ဘက်ကို ပစ်မှတ်ရှာဖွေရန် အခက်အခဲဖြစ်စေမည်ဖြစ်သည်။ ဆိုလိုသည်မှာ ရန်သူအနေဖြင့် မိမိ၏စစ်ဘက်အခြေစိုက်စခန်းများကို ရှာဖွေတိုက်ခိုက်ရန် ခက်ခဲသဖြင့် တိုက်ပွဲများဆက်လက်ဆင်နွှဲနိုင်သည့် အားသာချက်ရှိနေခြင်းပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့များသည် စစ်အခြေစိုက်စခန်းအရေအတွက်နည်းပါးသဖြင့် ပျော့ကွက်ဟာကွက်ရှိလာပြီဖြစ်သည်။ ❖**

**ကိုးကား**

- **US forces unwelcome at Japanese ports and airfields By Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၃၅၉၈ ဧက နုတ်သိမ်းပြီးစီး



**ငပုတော မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၃၅၉၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၈ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မြေပဲများကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ မြေပဲတစ်ဧကလျှင် ၆၁ ဒသမ ၈၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲ ၃၅၉၈ ဧက စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးခဲ့သော မြေပဲတွေကို နုတ်သိမ်းနေတာ အခု ဧကအားလုံး နုတ်သိမ်းပြီးပါပြီ။ မြေပဲတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ နည်းပညာနဲ့ စိုက်ပျိုးရေးညွှန်ကြားချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် မြေပဲကို တစ်ဧကချင်း အထွက်နှုန်းကောင်းစေရန်၊ စိုက်ပျိုးပြီး မြေပဲခင်းများကို ဖျက်ပိုးများ ကျရောက်မှုမရှိစေရန်၊ အရည်အသွေးကောင်း မြေပဲများ ထွက်လာစေရန် စသည့်နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ထားဝယ်မြို့နယ် ထားဝယ်မြို့ရှောင်လမ်း၌ ကတ္တရာကွန်ကရစ်(AC)လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ထားဝယ် မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ ရှောင်လမ်း၌ ကတ္တရာကွန်ကရစ်ACလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ်၂၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထားဝယ်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၈၂ ဒသမ ၈ သန်းဖြင့် ထားဝယ်မြို့ရှောင်လမ်း၌ ကတ္တရာကွန်ကရစ် (AC)လမ်းခင်းလုပ်ငန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးလှမိုးအောင်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ထားဝယ်မြို့နယ် ထားဝယ်မြို့ရှောင်လမ်း အရှည် တစ်မိုင်နှင့်သုည ဒသမ ၅ ဖာလုံရှိသည့်အနက် လမ်းအရှည် ၃ ဒသမ ၅ ဖာလုံ၊ အကျယ် ၂၄ ပေ၊ အမြင့် သုံးလက်မရှိ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်းလုပ်ငန်းကို ထားဝယ်ခရိုင်လမ်းဦးစီးဌာနက ယခုနှစ် မတ် ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့ရှောင်လမ်းကို ကတ္တရာကွန်ကရစ်(AC)ခင်းခြင်းပြီးစီးမှုကြောင့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပဲခူးမြို့နယ် ကျွဲဒညင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် AYA Bank တို့ပူးပေါင်း၍ ကျွဲဒညင်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ချေးငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းကြောင့် ကျေးလက်နေပြည်သူများအနေဖြင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများ လျော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Manual Cash-Based စနစ်အစား Mobile Financial Payment စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၂၇ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် လေးသန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၇ ဦးကို ငွေကျပ် ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၃-၂၀၂၄

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် ဗိုလ်ချုပ်ကြီးစန်းယု(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်မည့် ဗိုလ်ချုပ်မှူးကြီးစောမောင် (ငြိမ်း)၏မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်မည့် ဗိုလ်မှူးချုပ်အေးစန်(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း) နှင့်ဇနီးအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် ဗိုလ်မှူးကြီးညွန့်ဆွေ(ငြိမ်း) နှင့်ဇနီးအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (ငြိမ်း)နှင့်ဇနီးအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်မည့် ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ (ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် ဗိုလ်ချုပ်ကြီးနေဝင်း(ငြိမ်း)၏ မိသားစုများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

☆ **ကျောဖုံးမှအဆက်**

လိုအပ်ချက်များကိုမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခဲ့မှုနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ခဲ့မှုအခြေအနေများ၊ **စာမျက်နှာ ၁၉ သို့**



စာမျက်နှာ ၁၈ မှအဆက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အရန်တပ်ဖွဲ့ဥပဒေအတည်ပြုပြဋ္ဌာန်းခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက ယခုကဲ့သို့တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်သည့်အခြေအနေများ၊ နိုင်ငံ့တာဝန်များကိုဘက်ပေါင်းစုံမှလစ်ဟင်းမှုမရှိစေရေးကြိုးပမ်းဆောင်ရွက်နေမှုများကို အားပေးအသိအမှတ်ပြုသည့်အခြေအနေများနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်မည့် ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း)အား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၆**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏ နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နှစ်ထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများနှင့်အတူ နှစ်ထပ်ကုသဆောင်သစ် မြေညီထပ်တွင်ရှိသည့် ပြင်ပလူနာဌာန၊ ဆေးပေးခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ဆေးသိုလှောင်ခန်းသို့လည်းကောင်း၊ ပထမထပ်ရှိ ခွဲစိတ်ခန်းများနှင့် သံဃာတော်များအခန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ နှစ်ထပ်ကုသဆောင်သစ်ရှေ့ရှိ ယာယီမဏ္ဍပ်တွင် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကောင်းမွန်စေရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း ဆေးရုံများ ဥပစာရပ်ကောင်းမွန်ရေးအပါအဝင် အနီးကပ်ပံ့ပိုးပေးလျက်ရှိပြီး ယခုနတ္တလင်းမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံကိုလည်း ပဲခူးတိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး နှစ်ရုံ၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီး တစ်ရုံဖွင့်လှစ်ထားရှိပြီး အထူးကုဘာသာရပ်များ စုံလင်စွာ ဖွင့်လှစ်ကုသမှုပေးလျက်ရှိပါကြောင်း၊ ဓာတ်မှန်ရိုက်ခြင်းများ၊ ဓာတ်ခွဲစစ်ဆေးခြင်းများကို မြို့နယ်ဆေးရုံများ သာမက တိုက်နယ်ဆေးရုံများထိ ပိုမိုတိုးတက်စွာ ဆောင်ရွက်လျက်ရှိပြီး လူနာများဆေးကုသမှု ကုန်ကျစရိတ် လျော့နည်းစေရေးအတွက် ရန်ပုံငွေများခွဲဝေချထားပေးခြင်း တို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးလက်နေလူထုက ပိုမိုများပြား၍ ကုသရေးလုပ်ငန်းများတွင်လည်း မြို့နယ်နှင့် တိုက်နယ်ဆေးရုံများသည် ပြည်သူများ ရှေးဦးစွာလာရောက်ကုသမှု ဆောင်ရွက်သည့် အနီးဆုံးနေရာများတွင် တည်ရှိသောကြောင့် မြန်မာနိုင်ငံ၏ လူဦးရေအများအပြားကို လွှမ်းခြုံ၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အရည်အသွေးကောင်းမွန် ကျယ်ဝန်းသည့်နှစ်ထပ်ကုသဆောင်သစ်ကို ဖွင့်လှစ်နိုင်ခြင်းကြောင့် နတ်တလင်းမြို့နယ်အတွင်းရှိ ပြည်သူလူထုသာမက အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များမှလူနာများပါ စိတ်ချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခုအဆောက်အအုံသစ် အောင်မြင်စွာ တည်ဆောက်ပြီးစီးစေရေး ပံ့ပိုးကူညီခဲ့ကြသည့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုအဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို နေရာ အရောက်ပေးအပ်သည်။

နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၏နှစ်ထပ်ကုသဆောင်သစ်သည် ပေ ၂၃၀၊ ပေ ၅၀ အကျယ်အဝန်းရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံအထူးအဖွဲ့(၁)ကို လုပ်ငန်းအပ်နှံကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် လုပ်ငန်းများ ပြီးစီးခဲ့ကြောင်း၊ စီမံကိန်းတန်ဖိုးငွေကျပ် ၁၈၂၉ ဒသမ ၉၇ သန်းကုန်ကျခဲ့ပြီး မြေညီထပ်တွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးမှတ်တမ်းအခန်း၊ ဆေးပေးခန်း၊ သွားနှင့်ခံတွင်း ပြင်ပလူနာဌာန၊ ပထမထပ်တွင် ခွဲစိတ်ခန်းသုံးခန်း၊ သံဃာတော်များ အခန်းနှင့် အထူးခန်းလေးခန်းပါဝင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

**နေပြည်တော် မတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ဆေးနင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာနှင့် အောင်သစ္စာ(တာပုံ)စစ်မှုထမ်းဟောင်းအိမ်ရာတို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် တာဝန်ရှိသူများက အဆိုပါ စစ်မှုထမ်းဟောင်းအိမ်ရာများ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးနင်း စစ်မှုထမ်းဟောင်း အိမ်ရာဝင်းအတွင်း စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့် လားရှိုးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကိုတွေ့ဆုံ အမှာစကားပြောကြားစဉ်။**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၂၄**
၁၃၈၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ် မတ် ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | တင့်လွင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | ဌေးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ၈၇၄၃၂၂ | တပ်ကြပ်ကြီး ညွန့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ညဏ်လင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | မျိုးထက်ဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ၄၆၄၂၅ | တပ်ကြပ်/၁၂ ကြည်ဖြိုးဝေ | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူး | ထွန်းထွန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲဗလတံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | လ ၁၈၂၈၅၄ | ရဲတပ်ကြပ်ကြီး | ရွှေထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | လ ၁၇၂၂၁၄ | ရဲတပ်ကြပ် | ကျော်မိုးထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | လ ၂၅၀၀၀၇ | ရဲတပ်သား | ရဲမင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | လ ၂၉၀၈၇၇ | ရဲတပ်သား | မျိုးသက်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | လ ၂၉၇၀၇၃ | ရဲတပ်သား | သက်ပိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

| | | |
|---|---|---|
| ၆။ | ဒေါ်ခင်နွယ်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်ခင်မာချို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်ခင်ခင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ဥမ္မာစန်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ကြည်ပြာအေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်ဝင်းမာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်ပိုးနှင်းရီကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်အေးအေးမွန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါ်မိအေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်ယမင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မောင်ရဲမြတ်ကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဦးရွှေမင်း | ကချင်ပြည်နယ် |
| ၁၈။ | ဦးဝေါ်ပေါ်လေး | ကချင်ပြည်နယ် |
| ၁၉။ | ဦးယော်ယား | ကချင်ပြည်နယ် |
| ၂၀။ | ဦးငွါးတား | ကချင်ပြည်နယ် |
| ၂၁။ | ဦးလာဆာ(ခ) ဦးလာရီဆားရ် | ကချင်ပြည်နယ် |
| ၂၂။ | ဦးအောင်မိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၃။ | ဦးကျော်ထက် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄။ | ဦးစောမောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၅။ | ဦးထွန်းတင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆။ | ဦးဇော်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၇။ | ဦးမျိုးဝင်းလှိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈။ | ဦးအောင်ကျော်စိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉။ | ဦးသက်ပြင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀။ | ဦးကျော်လွင် | တနင်္သာရီတိုင်းဒေသကြီး |
| ၃၁။ | ဦးတင်ထွန်း | တနင်္သာရီတိုင်းဒေသကြီး |
| ၃၂။ | ဦးမြင့်ဦး | ပဲခူးတိုင်းဒေသကြီး |
| ၃၃။ | ဦးဌေးအောင် | ပဲခူးတိုင်းဒေသကြီး |
| ၃၄။ | ဦးဇော်နိုင် | မကွေးတိုင်းဒေသကြီး |
| ၃၅။ | ဦးဘိုကြည်မြင့်ထွန်း | မကွေးတိုင်းဒေသကြီး |
| ၃၆။ | ဦးကျော်အေး | မကွေးတိုင်းဒေသကြီး |
| ၃၇။ | ဦးဘိုဟိန်း(ခ) ဦးမျိုးမြင့် | မန္တလေးတိုင်းဒေသကြီး |
| ၃၈။ | ဦးထက်မြတ်ကို | မန္တလေးတိုင်းဒေသကြီး |
| ၃၉။ | ဦးဖုန်းမြတ်သူ(ခ) ကျောက်ခဲ | မန္တလေးတိုင်းဒေသကြီး |
| ၄၀။ | ဦးတင်ထွန်းမင်း | မန္တလေးတိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၄**
၁၃၈၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ် မတ် ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ခေတ်မီတပ်မတော်တည်ဆောက်နိုင်ရန် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပုဂ္ဂိုလ်များအား စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သည့် အောက်ဖော်ပြပါ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်များ**
**သီရိသီဟကျော်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | Lieutenant General | KSHIMOVSKY Alexander Aleksandrovich | Head of the Main Directorate for International Military Cooperation |
| ၂။ | Major General | ILYIN Evgeniy Yurievich | First Deputy Head of the Main Directorate for International Military Cooperation |
| ၃။ | Admiral | EVMENOV Nikolay Anatolyevich | Commander-in-Chief of the Navy |
| ၄။ | Admiral | LIINA Victor Nikolaevich | Commander of the Pacific Fleet |
| ၅။ | Admiral | KASATONOV Vladimir Lvovich | Deputy Commander-in-Chief of the Navy |
| ၆။ | Vice Admiral | MUKHAMETSHIN Igor Timerbulatovich | Head of Shipbuilding, Armament and Armament Operation, Deputy Commander-in-Chief of the Navy for Armament |
| ၇။ | Vice Admiral | BEREZOVSKY Denis Valentinovich | Deputy Commander of the Pacific Fleet |
| ၈။ | Rear Admiral | TRYAPICHNIKOV Vladimir Aleksandrovich | Head of the Technical Department of the General Staff of the Navy |
| ၉။ | Colonel | PENKIN Maksim Vladimirovich | Head of the 5th Department of the Main Directorate of International Military Cooperation |
| ၁၀။ | Colonel | YURCHENKO Sergei Vladimirovich | Head of the Direction of the 4th Directorate of the Main Directorate of International Military Cooperation |
| ၁၁။ | Colonel | PAVLENKO Anatoliy Viktorovich | Representative of the General Staff of the Armed Forces |
| ၁၂။ | Colonel | KURCHENKO Sergei Semyonovich | Defence Attaché at the Embassy of the Russian Federation in the Republic of the Union of Myanmar |
| ၁၃။ | Captain 1st rank | MOROZ Kirill Sergeevich | Head of the Service (Maritime Law and International Military Cooperation) of the General Staff of the Navy |
| ၁၄။ | Captain 2nd rank | YASHIN Dmitry Valerievich | Head of the Direction of the 5th Directorate of the Main Directorate of International Military Cooperation |
| ၁၅။ | Captain 2nd rank | SHILKOV Vitaly Vasilyevich | Chief Expert of the 5th Directorate of the Main Directorate of International Military Cooperation |

**သီရိသူရကျော်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | Mr. SARATOV Sergei Nikolaevich | | Referent of the Ministry of Defense |
| ၂။ | Colonel | IZVEKOV Sergey Alexandrovich | Deputy Head of the Direction of the 5th Directorate of the Main Directorate for International Military Cooperation of the Ministry of Defense of the Russian Federation |
| ၃။ | Captain 1st rank | EGOROV Mikhail Lvovich | Head of the Service (submarine Operation) of the Technical Department of the Main Command of the Navy |

စာမျက်နှာ ၂၂ သို့

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်



စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက "တွဲလက်တူစုံချစ်ရိပ်မြုံ" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အကယ်ဒမီ ခန့်စည်သူအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၆**

(၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တွဲလက်တူစုံချစ်ရိပ်မြုံ"ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး က "တွဲလက်တူစုံချစ်ရိပ်မြုံ"ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် အကယ်ဒမီရဲအောင်၊အကယ်ဒမီခန့်စည်သူ၊အကယ်ဒမီစိုးမြတ်သူဇာ၊ ဆုကဗျာ၊ ဆောင်းယွန်းစံ၊ ဇာတ်ညွှန်းထက်မြတ်နိုင်(ကိုယ်စား)ကိုယ်စားလှယ်တစ်ဦး၊ တွဲဖက်ဒါရိုက်တာသက်သဇင်ထွဋ်၊ ဒါရိုက်တာ အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်)၊ ရိုက်ကူးထုတ်လုပ်ရေး ဒေါက်တာ ဟိန်းထက်အေး (Forever Group)တို့ကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် စစ်ချီသီချင်းနှင့်စစ်သည်တေးသီချင်းဆုရရှိကြသည့် ဂုဏ်ပြုစစ်ချီသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ တပ်ကြပ်လှိုင်ဝင်းထွန်း၊ ဒုတိယဆုရရှိသူ မြင့်မိုရ်ဦး၊ တတိယဆုရရှိသူ မျိုးဝင်း(MWD)၊ စတုတ္ထဆုရရှိသူ အောင်ဇော်ဦး(ရဲတီးဝိုင်း)၊ ပဉ္စမဆုရရှိသူ တပ်ကြပ်ကြီးဇော်မျိုးထွန်း၊စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင်)၊ ဒုတိယဆုရရှိသူ ဇာမနီ၊ စတုတ္ထဆုရရှိသူ ကျော်ကျော်သိန်း (KKT)၊ ပဉ္စမဆုရရှိသူ တပ်ကြပ်ကြီး ဇော်ဝင်းထွန်းတို့ကို ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ တာယာ၊ ဒုတိယဆုရရှိသူ မျိုးချစ်မောင်သောင်း၊ တတိယဆုရရှိသူညိမ်းညို၊ စတုတ္ထဆုရရှိသူ အောင်နိုင်သူ (ဖွဲ့ကပင်)၊ အထူးဆု(၁)ရရှိသူ ရှိန်မြင့်ထက်(ဝါးကြီးအိုင်)၊ အထူးဆု(၂)ရရှိသူ ညွန့်ဝင်း(နတ်တလင်း)၊ အထူးဆု(၃)ရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)၊ကဗျာအလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ဆန္ဒကူးသစ္စာ၊ ဒုတိယဆုရရှိသူ ကိုကို (ရေနံ့သာ)၊တတိယဆုရရှိသူ ဘုန်းမောင်ဝင်း (ဖျာပုံ)၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ မြခြူးအိမ်၊ အထူးဆု(၁)ရရှိသူ မြတ်ထွဏ်းနောင်၊ အထူးဆု(၂)ရရှိသူ ယိမ်းနွဲ့(ကိုယ်စား) ကိုယ်စားလှယ်တစ်ဦးနှင့် အထူးဆု(၃)ရရှိသူ မျိုးစစ်သည်တို့ကိုဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ ပင်မြင့်စံ (ရွှေဘို)၊ တတိယဆုရရှိသူ မောင်စူးရှ (အနောက်ရိုးမ)၊ စတုတ္ထဆုရရှိသူ ချစ်ခြင်းဖြူ၊ ပဉ္စမဆုရရှိသူ ထက်ပိုင်ဦး(သစ္စာမြေ)၊ အထူးဆု(၂)ရရှိသူ အမောင်၊ အထူးဆု(၃)ရရှိသူ ချမ်းမြေ့အောင်၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ ခန့်ပိုင်၊ ဒုတိယဆုရရှိသူ ညိမ်းညို၊ တတိယဆုရရှိသူ တက္ကသိုလ်မြမဥ္ဇူ၊ စတုတ္ထဆုရရှိသူ မနောဖြူ၊ ပဉ္စမဆုရရှိသူ အမေ့သား(နတ်မောက်)၊ အထူးဆု(၁)ရရှိသူ မှန်းမောင်မောင်၊ အထူးဆု(၂)ရရှိသူ ကျော်တေဇ(ဥက္ကလာ)၊ အထူးဆု(၃)ရရှိသူ သန်းဝင်းထွန်း(ဆွာ)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးက တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် မတ် ၂၆**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကိုလည်းကောင်း အသီးသီး ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးထံ ပေးအပ်စဉ်။



**စာမျက်နှာ ၂၀ မှအဆက်**

| | | | |
|---|---|---|---|
| ၄။ | Colonel | YUNUSOV Araz Yunusovich | Deputy Head of the Department Head of the group of the Department (classified communications network) of the Directorate (Communications Planning) of the Main Communications Directorate of the Armed Forces |
| ၅။ | Captain 1st rank | RYABOKON Roman Ivanovich | Head of the 4th Division of the 3rd Directorate of the Main Personnel Directorate |
| ၆။ | Captain 2nd rank | MIRONOV Vyacheslav Andreevich | Head of the group of the 4th Division of the 3rd Directorate of the Main Personnel Directorate |
| ၇။ | Captain 2nd rank | SAKHNEVICH Andrey Nikolaevich | Head of the Department of International Military Cooperation of the Pacific Fleet |
| ၈။ | Captain 3rd rank | SPITSYN Pavel Aleksandrovich | Senior Expert of the 5th Directorate of the Main Directorate of International Military Cooperation |
| ၉။ | Colonel | BOBRIKOV Sergei Leonidovich | Senior officer of the Engineering Troops Construction Department of the Directorate of the Chief of Engineering Troops of the Armed Forces |
| ၁၀။ | Colonel | RYABOV Alexey Vyacheslav | Chief Expert of the Division of Supply (artillery ammunition) of the Directorate (supply of missiles and artillery ammunition) of the Main Rocket and Artillery Directorate |
| ၁၁။ | Colonel | MATYTSIN Roman Sergeevich | Assistant to the Commander-in-Chief of the Army for International Military Cooperation |
| ၁၂။ | Lieutenant Colonel | ERMOLAEV Mikhail Yurievich | Chief Inspector of the Service (International Military Cooperation) of the General Command of the Army |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂဝန်ထမ်းများ ယာယီပြောင်းရွှေ့နိုင်ရေးဆိုင်ရာများ ဆွေးနွေး



**နေပြည်တော် မတ် ၂၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂဝန်ထမ်းများ ယာယီပြောင်းရွှေ့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဝီနေးကူးမားနေရာတွင် မစ္စတာအဘ်ဟေးတာကူးရ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာအဘ်ဟေးတာကူးရ်ကို ၁၉၆၉ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် စက်မှုအင်ဂျင်နီယာဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိထားသူဖြစ်သည်။ ၎င်းသည် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနသို့ သံရုံးစာရေး(အစမ်းခန့်)အဖြစ် ၁၉၉၂ ခုနှစ်တွင် စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ ဗြိတိန်နိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးရုံး၊အစ္စရေးနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတို့တွင် သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလထိ မော်ရစ်ရှပ်နိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးအဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလထိ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ လက်ရှိအချိန်အထိ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကျင်းပရေးဆိုင်ရာ အိန္ဒိယနိုင်ငံကိုယ်စားပြု လက်ထောက်ညှိနှိုင်းရေးမှူး (Sous Sherpa)အဖြစ် နယူးဒေလီမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာအဘ်ဟေးတာကူးရ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သား တစ်ဦးနှင့် သမီး တစ်ဦးရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) ပထမနေ့ကျင်းပ

**နေပြည်တော် မတ် ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့်(၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄)(XIII International Forum ATOMEXPO 2024) ပထမနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄)တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာမှ နျူကလီးယားနှင့်ပတ်သက်ဆက်စပ်သောပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် (၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဖိုရမ်၏အဓိကမျက်နှာစုံညီအစည်းအဝေး (Plenary Session) တွင် "သန့်ရှင်းသောစွမ်းအင်-အနာဂတ်ကို အတူတကွဖန်တီးခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း အစီအစဉ်သို့လည်းကောင်း တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် Nova Wind JSC ကုမ္ပဏီမှ Director General- Grigory Nazarov နှင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော လေအားနှင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်ပတ်သက်၍လည်းကောင်း၊ JSC Rusatom Energy Projects ကုမ္ပဏီမှ Director General-Andrey Rozhdes-tvin နှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။

(၁၃)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၄)သည် ခေတ်မီနျူကလီးယားစွမ်းအင်လုပ်ငန်း၏ကဏ္ဍပေါင်းစုံနှင့် ၎င်း၏နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကဏ္ဍများကို ဆွေးနွေးရန်ဖြစ်ပြီး ကမ္ဘာ့နျူကလီးယားစွမ်းအင်လုပ်ငန်းမှ ခေါင်းဆောင်များ၊ နိုင်ငံတကာကိုယ်စားလှယ်များ၊ ရုရှားနှင့် နိုင်ငံခြားကုမ္ပဏီများ၊ နျူကလီးယားနယ်ပယ်မှ အဓိကကျွမ်းကျင်သူများပါဝင်ကြသည်။ အစဉ်အလာအားဖြင့် ဖိုရမ်အစီအစဉ်သည် နိုင်ငံတကာကွန်ဂရက်တစ်ခုနှင့် နျူကလီးယားနှင့် ဆက်စပ်စက်မှုလုပ်ငန်းများအတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများထုတ်လုပ်ရောင်းချသူများက ခင်းကျင်းပါဝင်ပြသကြကြောင်းနှင့် ကမ္ဘာ့နျူကလီးယားလုပ်ငန်း၏ ဆိုင်းငံ့ထားသောပြဿနာများကို ဆွေးနွေးရန်ရည်ရွယ်သည့် နိုင်ငံတကာညီလာခံတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို တိုက်ရိုက်(Live) ထုတ်လွှင့်မည်

၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို မတ် ၂၇ ရက် **(ယနေ့)** ညနေ ၅ နာရီ ၁၅ မိနစ်မှစ၍ MWD HD၊ MWD VARIETY HD၊ MRTV-HD၊ MRTV Parliament၊ MRTV NRC ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ပဒုမ္မာ FM၊ မန္တလေး FM၊ ရွှေ FM၊ ပုဂံ FM၊ Star FM၊ သဇင် FM တို့အပြင် MRTV APP အပါအဝင် Online တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်အသိပေးအပ်ပါသည်။

# လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်မှုကြောင့် အကောင်အထည် ပေါ်လာခဲ့သည့် ကျောက်တော်မြို့နယ်

**ကောင်းမွန်**



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

ကျောက်တော်မြို့သည် မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင်ပါဝင်သည်။ အရှေ့ဘက်တွင် မြောက်ဦးမြို့နယ်၊ အနောက်ဘက်တွင် ဘူးသီးတောင်မြို့နယ်၊ တောင်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်၊ မြောက်ဘက်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသောမြို့တစ်မြို့ဖြစ်သည်။

ကျောက်တော်မြို့နယ်တွင် မြစ်ချောင်းများပေါများပြီး ကစ္ဆပနဒီမြစ် ခေါ် ကုလားတန်မြစ်သည် ကျောက်တော်မြို့အနီးမှဖြတ်သန်းစီးဆင်းကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့စီးဝင်သည်။ ရေအရင်းအမြစ်အများစုမှာရေချိုဖြစ်၍ စိုက်ပျိုးရေး သောက်သုံးရေးအတွက် မပူမပင်ရသောမြို့နယ်တစ်ခုဖြစ်သည်။ ကျောက်တော်မြို့သည် ကုန်းလမ်းရေလမ်းဆုံရာမြို့ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောမြို့ဟုဆိုနိုင်သည်။ အဓိကထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး စိုက်ပျိုးရေး လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အဓိကလုပ်ကိုင်သည်။



အားအလွန့်အလွန်ကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးမှုများကို တပ်မတော်သားများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားဆောင်ရွက်ကြစဉ်။

သို့သော်လည်း ကျောက်တော်မြို့နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့်ဆက်စပ်တည်ရှိသဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့ရှိသောမြို့တစ်မြို့ဖြစ်သည်။ မိုးဦးကာလနှင့် မိုးနှောင်းကာလများတွင် သဘာဝဘေးအန္တရာယ်များအဖြစ်များလေ့ရှိသည်။ ၂၀၂၃ ခုနှစ် မိုးဦးကာလ မေလ ၁၄ ရက်နေ့ကတိုက်ခတ်ခဲ့သော အလွန့်အလွန်အင်အားပြင်းထန်သည့်ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုဒဏ်ကို ကျောက်တော်မြို့သည်လည်း ခံစားခဲ့ရသည်။

ရခိုင်ပြည်နယ်သည် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးမှုအများဆုံးပြည်နယ်ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုပမာဏ ၉၇ ဒသမ ၇၃ ရာခိုင်နှုန်းရှိသည်။ ထိုအထဲတွင်မှ ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ်များဖြစ်သည့် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနှင့်ကျောက်တော်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများသောမြို့နယ်များဖြစ်သည်။

ထိခိုက်ပျက်စီး မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် စစ်တွေမြို့သည် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုအများဆုံးမြို့ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၂၂၃ ဘီလီယံခန့်ဆုံးရှုံးခဲ့ကြောင်း တွေ့ရသည်။ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအနက် ကျောက်တော်မြို့နယ်တွင် စာသင်ကျောင်းအများဆုံး ပျက်စီးခဲ့ပြီး ကျောင်းပေါင်း ၂၁၃ ကျောင်းပျက်စီးခဲ့သည်။ ဌာနဆိုင်ရာရုံးသုံးရုံးပျက်စီးခဲ့ပြီး ဘာသာရေးအဆောက်အအုံများပျက်စီးမှုမှာ စေတီရှစ်ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၅၈ ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများပျက်စီးခဲ့သည်။

အခြေခံအဆောက်အဦ ပျက်စီးမှုအနေဖြင့် ခတ်တိုင် ၁၁၂၃ တိုင်၊ စက်လှေ ၁၃၉ စင်း၊ ဆန်စက် ၂၇ လုံးတို့ပျက်စီးခဲ့သည်။ အိမ်ထောင်စုပေါင်း ၄၀၀၀၀ ကျော် (လူဦးရေနှစ်သိန်းကျော်) မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးအန္တရာယ်များကြုံခဲ့ရကာ ပျက်စီးဆုံးရှုံးမှုများမှာ လူနေအိမ်ပျက်စီးမှုအနေဖြင့် တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၃၃၆၁၃ လုံး၊ အလုံးစုံပျက်စီးမှု ၁၂၀၁၃ လုံးပျက်စီးခဲ့ပြီး လူသေဆုံးမှုမရှိသည်ကိုတွေ့ရသည်။

တိရစ္ဆာန်သေဆုံးမှုအနေဖြင့် အများဆုံးဖြစ်ပြီး ကျွဲ ၃၆၈ ကောင်၊ နွား ၉၆၁ ကောင်၊ ဝက် ၃၃၇ ကောင်၊ ကြက် ၅၁၁၄ ကောင်နှင့် အခြား ၂၈ ကောင်ရှိသည်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများပေးအပ်စဉ်။



ကျောက်တော်မြို့နယ် ကံသုံးဆင့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌အသုံးဝင်သည့် ဘက်စုံသုံးခန်းမပျက်စီးမှုကိုပြုပြင်ခြင်းမဆောင်ရွက်မီတွေ့ရစဉ်။



ကျောက်တော်မြို့နယ် ကံသုံးဆင့်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌အသုံးဝင်သည့် ဘက်စုံသုံးခန်းမပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုတွေ့ရစဉ်။

## ကြိုတင်ပြင်ဆင်မှု

မိုခါမုန်တိုင်းနှင့်ပတ်သက်၍ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမဖြစ်မီကပင် မေလ ၆ ရက်နေ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအရေးပေါ် အစည်းအဝေးခေါ်ယူခဲ့သည်။ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် မေလ ၈ ရက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု

စာမျက်နှာ ၂၅ သို့

**စာမျက်နှာ ၂၄ မှအဆက်**


ဗဟိုဌာနကိုဖွင့်လှစ်ခဲ့သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်း၍ မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်သည့် ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးလုပ်ငန်းများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းသည် မေလ ၁၄ ရက်တွင် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါအဖြစ်ပြောင်းလဲ



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းအဆောက်အအုံကိုတွေ့ရစဉ်။



ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းအဆောက်အအုံပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။










ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့် မြို့တွင်းမြို့ပြင်ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကိုတွေ့ရစဉ်။










ကျောက်တော်မြို့နယ်၌ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့် မြို့တွင်းမြို့ပြင်ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

ကာ ရခိုင်ကမ်းရိုးတန်းသို့ဖြတ်သန်း၍ စစ်တွေမြို့အနီးမှ ဖြတ်သန်းဝင်ရောက်မည်ဟု ခန့်မှန်းချက်အရ မေလ ၁၂ ရက်တွင် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်စုဖွဲ့ထားသောယာဉ်အုပ်စုအချို့ကို ရန်ကုန်မြို့မှ ဂွ၊ အမ်းနှင့် ကျောက်တော်မြို့တို့သို့ ကြိုတင်စေလွှတ်ခဲ့သည်။ ကျောက်တော်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကိုလည်း ဘေးလွတ်ရာနေရာများသို့ကြိုတင်ရွှေ့ပြောင်းမှုများဆောင်ရွက်ထားခဲ့ကြသည်။





ကျောက်တော်မြို့နယ် အလုမဒီကျေးရွာပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ကျေးရွာရေကန်တာပေါင်မြှင့်တင်ခြင်း မဆောင်ရွက်မီနှင့် တာပေါင်မြှင့်တင်ခြင်းဆောင်ရွက်ပြီးနောက် တွေ့မြင်ရစဉ်။

### တပ်ဖွဲ့ဝင်များပါဝင်

အဆိုပါယာဉ်အုပ်စုတွင် ယာဉ်အစီးရေ ၁၁၂ စီးပါရှိကာ အုပ်စု ၁၀ စုခွဲပြီး အုပ်စုတစ်စုတွင် ကွပ်ကဲရန် တပ်မတော်မှ အရာရှိကြီးတစ်ဦးပါရှိသည်။ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များပါဝင်ပြီး မော်တော်ယာဉ်များ၊ ပွဲချိတ်စက်များ၊ ဖိုက်ဘာလှေများ၊ ချိန်းဆောနှင့် လက်သုံးကိရိယာများ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်း၊ မိုးကာတဲများ၊ တာပေါ်လင်စများ၊ ပစ္စည်း ၁၄ မျိုးပါ အရေးပေါ်သေတ္တာများ၊ မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးမျိုးစုံ၊ ဆက်သွယ်ရေးစက်မျိုးစုံနှင့် အခြားလိုအပ်သော ဆက်စပ်ပစ္စည်းများလည်းပါဝင်သည်။

**အဆိုပါသဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများအနက် တစ်နာရီလျှင် သောက်ရေဂါလန် ၄၀၀ သန့်စင်ပေးနိုင်သည့်ရေသန့်စင်ယာဉ်အပါအဝင် ယာဉ် ၁၈ စီးပါဝင်သည့်ယာဉ်အုပ်စု (၁)သည် စစ်တွေမြို့သို့ မေလ ၁၅ ရက်တွင်ရောက်ရှိအခြေပြု၍ ရန်ကုန်-စစ်တွေကားလမ်းတစ်လျှောက် သဘာဝဘေးဒဏ်ကြောင့် ကျိုးကျပိတ်ဆို့လျက်ရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်း၊ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောနေရာများသို့ ရေပေးဝေခြင်း၊ မိုးကာတဲများနှင့်တာပေါ်လင်များဖြန့်ဝေခြင်းနှင့် နယ်မြေခံတပ်မှတပ်မတော်သားများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးကြပြီး ဆေးဝန်ထမ်းတပ်ဖွဲ့များကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ယာဉ်အုပ်စုသည် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ ရေသန့်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့်နေရာများသို့ သောက်သုံးရေပေးဝေခြင်း၊ ကူညီကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။**

### သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများ

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ်သတ်မှတ်ကြေညာခဲ့ပြီး တပ်မတော်အရာရှိကြီးများကို မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အနီးကပ်ကြီးကြပ်နိုင်ရန် တာဝန်ပေးအပ်ခဲ့ရာ ဗိုလ်မှူးချုပ်အောင်သူဦးအား ကျောက်တော်မြို့နယ်တွင်ကြီးကြပ်ရန်တာဝန်ပေးခဲ့သည်။

**တာဝန်ပေးအပ်ခံရသော တပ်မတော်အရာရှိကြီးများအနေဖြင့် မိမိတာဝန်ကျရာမြို့နယ်သို့ရောက်ရှိပါက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကိုဦးစားပေးရှင်းလင်းပြီး လျှပ်စစ်မီးရရှိရေး၊ ဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်ရေသန့်ရရှိရေး၊ အခြေခံပညာကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ပြုပြင်ပေးနိုင်ရေး၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများကို ဦးစားပေးပြုပြင်ရေး၊ နိုင်ငံတော်မှပေးပို့နေသည့်ရိက္ခာ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများထံသို့ စနစ်တကျနှင့် မြန်မြန်ဆန်ဆန်ထောက်ပံ့ရေး၊ စာရင်းဇယားများမှန်ကန်ရေး စသည်ဖြင့် မိမိတို့တာဝန်ယူကြီးကြပ်ရမည့်အပိုင်းများကို အစီအမံကောင်းကောင်းဖြင့် တိတိကျကျလိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း**

**စာမျက်နှာ ၂၆ သို့**

**စာမျက်နှာ ၂၅ မှအဆက်**

**ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့သည်ကို တွေ့မြင်ရသည်။**

**အချိန်မဆိုင်းဘဲဆောင်ရွက်ခဲ့**

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် လိုအပ်ချက်များကို သုံးသပ်တွက်ချက်ပြီး အသင့်စီမံထားသည့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မှစစ်ရေယာဉ်များ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်း၊ ဒေသအလိုက်ကြိုတင်စုဖွဲ့ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များကလည်း အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အချိန်မဆိုင်းဘဲ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

မေလ ၁၆ ရက်တွင် ကျောက်တော်မြို့သို့ တာဝန်ရှိသူများရောက်ရှိလာပြီး ပြည်သူများကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးကြသည်။ မကြာမီ ကျောင်းဖွင့်ရာသီရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများကို ဦးစားပေးပြုပြင်ရန်နှင့် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကျောက်တော်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပြည်သူလူထုလက်ဝယ်အရောက် ထိထိရောက်ရောက်ဖြန့်ဝေနိုင်ရေး ကော်မတီများ ဖွဲ့စည်းထားရှိပြီး စနစ်တကျဆောင်ရွက်ရန်၊ ပြည်သူများဝမ်းစာဖူလုံရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ အနာရောဂါကင်းရှင်းရေးအလေးထားဆောင်ရွက်ရန် အကြံပြုဆွေးနွေးခဲ့ပြီး စာသင်ကျောင်းများ၊ ဆေးရုံများ၊ နေအိမ်များပြိုလဲပျက်စီးမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကို ဇွန်လ ၁ ရက်တွင်ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အဆိုပါကျောင်းတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသား၊ ကျောင်းသူ ၃၇၈ ဦး ပညာသင်ကြားလျက်ရှိသည်။ ဗိုလ်မှူးချုပ်အောင်သူဦးက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံ့စီးပွားမြင့်တင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အရေးပါသည့်အတွက် စိုက်ပျိုးရေးပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင်ကြိုးစားသင်ယူကြရန် ပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် သောက်သုံးရေများဖြန့်ဝေပေးခဲ့သည်။

ကျောက်တော်မြို့တွင် ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ခေါင်းတုတ်ကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များသည် မေလ ၂၀ ရက်တွင် ကျောက်တော်မြို့နယ် သရက်တပင်၊ စဖိုသားနှင့် အတွင်းရွာသုံးရွာရှိ ရေတွင်း၊ ရေကန်များကို ရေသန့်ဆေးများခတ်ပေးခြင်း၊ ရေသန့်စင်ဆေးပြား ၇၀၀ ဖြန့်ဝေပေးခြင်း၊ ပြည်သူများအား ကျန်းမာရေးပညာပေးခြင်းများဆောင်ရွက်ပေးခဲ့သည်။

မုန်တိုင်းအလွန်ကာလ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပေါက်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် အထူးကုဆေးအဖွဲ့တစ်ဖွဲ့၊ မင်းပြားမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့နှင့် အထူးကုဆေးအဖွဲ့တစ်ဖွဲ့၊ မောင်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့နှင့် မြေပုံမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေကန်များ၌ ရေသန့်ဆေးများခတ်ခဲ့ပြီး ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ပေးခြင်းနှင့်ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**ပြန်လည်ထူထောင်ရေး**

မုန်တိုင်းဝင်ရောက်ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်နိုင်ငံတော်က ပြင်းပြင်းထန်ထန်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဦးစားပေးအလိုက် ကျောင်းဖွင့်ရာသီဖြစ်သည်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ အချိန်မီစာသင်ကြားနိုင်ရန် စာသင်ကျောင်းများကို အမြန်ဆုံးပြုပြင်ပေးခဲ့သည်။ ပုံမှန်ကျောင်းဖွင့်ရက်ဖြစ်သော ဇွန်လ ၁ ရက်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ပျက်စီးမှုဆိုးရွားသောကျောင်းများအား ကျောင်းဖွင့်ပြီး ၁၇ ရက်အကြာတွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရခိုင်ပြည်နယ်တွင် ကျောင်းအပ်နှံမှုအများဆုံးပြည်နယ်အဆင့်ထိ ရောက်ရှိခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာန၊ ဝန်ထမ်းအိမ်ရာ၊ ဆေးရုံသုံးစက်ကိရိယာ၊ ဆေးဝါးနှင့်ပရိဘောဂပျက်စီးမှုများကို ပြန်လည်ပြုပြင်ဖြည့်ဆည်းပေးခဲ့ပြီး ထိခိုက်ခံစားလွယ်သူများအတွက် ရွေ့လျားဆေးခန်းများ၊ ယာယီကျန်းမာရေးဝန်ဆောင်မှုပေးခြင်းများ၊ ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ထိုးနှံခြင်းများ၊ အာဟာရကျွေးမွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ကူးစက်ရောဂါများမဖြစ်ပွားစေရန် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် မိလ္လာစနစ်ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့သည်။

**အခြေခံအဆောက်အဦများဖြစ်သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ခြင်း၊ ရေဝန်တားတမံများ ပြန်လည်ပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလိုင်းများပြန်လည်ကောင်းမွန်ရေး စသည်ဖြင့်အခြေခံလိုအပ်ချက်များကို အချိန်တိုအတွင်း ပြန်လည်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လူ့အသက်ထက်အရေးကြီးတာ ဘာမှုမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက်သာလွန်ကောင်းမွန်စေရေး စသည့်နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို မူဝါဒအဖြစ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် မုန်တိုင်းဖြစ်ပွားပြီး ခြောက်လအကြာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့်အဆင့်အထိရောက်ရှိခဲ့သည်။**



ကျောက်တော်မြို့ ဓာတ်အားခွဲရုံကျောက်တော်မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။




ကျောက်တော်မြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။



ကျောက်တော်မြို့၌ မုန်တိုင်းအလွန် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။



ကျောက်တော်မြို့ပေါ်ရပ်ကွက်များအားလုံး လျှပ်စစ်မီးရရှိနေမှုကို တွေ့ရစဉ်။

**ထိခိုက်သေဆုံးမှုနည်းပါး**

ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုကောင်းမွန်ခဲ့သည့်အတွက် မုန်တိုင်းကြောင့်ထိခိုက်သေဆုံးရသည့် အရေအတွက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၄၈ ဦးသာရှိခဲ့သည်။ မုန်တိုင်းအဆင့်နှင့် နှိုင်းယှဉ်ပါက သေဆုံးမှုအလွန်နည်းပါးသည်ကို တွေ့ရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် နိုင်ငံတစ်ဝန်းမည်သည့်ဒေသတွင်မဆို မိမိတို့သွေးချင်းများ မည်ကဲ့သို့သောဘေးအန္တရာယ်များ ကျရောက်စေကာမူ ကူညီကယ်ဆယ်စောင့်ရှောက်ပေးရမည်မှာ နိုင်ငံတော်၏တာဝန်ဟုခံယူကာ လက်ရှိနိုင်ငံတာဝန်ကိုယူထားသော အစိုးရက စိတ်စေတနာအပြည့်ဖြင့်ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။

**မုန်တိုင်းပြီးလျှင် လေပြည်လေညင်းရောက်လာမည်ဟု ထင်ထားသော်လည်း မိုခါမုန်တိုင်းဝင်ရောက်ပြီး ခုနစ်လအကြာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မူလအခြေအနေထက် သာလွန်ကောင်းမွန်ချိန်တွင် မိမိတို့သွေးချင်းညီအစ်ကိုများ မိမိတို့အိုးအိမ်တိုက်တာများကို စွန့်ခွာနေရခြင်းကို စိတ်မကောင်းဖြစ်ရသည်မှတစ်ပါး ပြောစရာစကားမရှိတော့ပြီ။ ။**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲများဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေ



**မော်လမြိုင်ကျွန်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲများ ကုန်စိမ်းဈေးကွက်တွင် မတ်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲ ၁၅ ပိဿာမှ ၃၅ ပိဿာထိ ဝယ်ယူမှုကောင်းလာပြီး အရောင်းသွက်လျက်ရှိကြောင်း၊ အဆိုပါ တိုင်ထောင်ပဲ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က နေထွက်တဲ့ တိုင်ထောင်ပဲတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲ ၃၅ ပိဿာထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲ အဝယ်လိုက်နေတာ။ အခုလို ဒေသထွက်ကုန်တိုင်ထောင်ပဲတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာပါတယ်"ဟု ဒေါ်ညိုက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲများ အပါအဝင် ဒေသထွက် ရာသီကုန် ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ တိုင်ထောင်ပဲများ ဝယ်ယူမှုကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး မတ် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးခြမ်းကာကျေးရွာအုပ်စု ဝါးခြမ်းကာကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာရရှိနိုင်ရန် ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက စိုက်ပျိုးရေရရှိရေးအတွက် ဆိုလာရေတင်စနစ် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဝါးခြမ်းကာကျေးရွာ၌ ၅ ဒသမ ၄ ကီလိုဝပ် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂၅၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် AGT ကုမ္ပဏီက ဇန်နဝါရီလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူများ၏ လယ်ယာမြေဧကများအတွက် စိုက်ပျိုးရေများကုန်ကျစရိတ်သက်သာစွာ ရရှိမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နွယ်ဥ**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၆၂၈၉ ဧက ရိတ်သိမ်းပြီးစီး

**ခင်ဦး မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၆၂၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၆၂၈၉ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၁၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၂၈၉ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၆၅၁၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၆၂၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်

ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



# အုတ်ဖိုမြို့နယ် ကျွန်းကောက်ပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကောက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျွန်းကောက်ပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၅ ဦးကို ငွေကျပ် ၄၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ၁ ဒသမ ၂ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို သုည ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၈ ဦးကို ရန်ပုံငွေကျပ် ၄၁ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ဘားအံမြို့နယ် ရွှေတော-ကော့ပရံကျေးရွာချင်းဆက်လမ်းတွင် ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွှေတော-ကော့ပရံကျေးရွာချင်းဆက်လမ်းတွင် ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ရွှေတော-ကော့ပရံကျေးရွာချင်းဆက်လမ်းတွင် ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဘားအံမြို့နယ် ရွှေတော-ကော့ပရံကျေးရွာချင်းဆက်လမ်းတွင် လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေ၊ အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၂၈ ဒသမ ၃၈သန်း အသုံးပြု၍ ရောင်စဉ်ပွင့်သစ်ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် ကျေးရွာနှစ်ရွာရှိ ကျေးလက်နေတောင်သူများ၏ လယ်ယာထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်သို့အချိန်မီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆက်လှ**



# "သက်ဆိုင်သူများနှင့် အများပြည်သူသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၃)၊ ၃၅လမ်းနှင့် ၅၄လမ်းထောင့်တွင် ဖွင့်လှစ်ရောင်းချသည့် **"Win Htet"** ရွှေ၊ ကျောက်မျက်ရတနာ အရောင်းဆိုင်လုပ်ငန်းပိုင်ရှင်ဖြစ်သူ ဒေါ်အေးထွေး (ဘ) ဦးအိုက်ထွန်း (၁၃/ကခန(နိုင်)ဝ၆၇၁၁၃) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများပြည်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Win Htet
Jade and Jewellery

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးထွေး မှ ဦးဆောင်၍ တည်ထောင်ဖွင့်လှစ်ထားသော **"Win Htet"** ရွှေ၊ ကျောက်မျက်ရတနာ အရောင်းဆိုင်အား မန္တလေးမြို့တွင် တရားဝင်ဖွင့်လှစ်၍ စိန်ထည်ပစ္စည်းများ၊ ရွှေများ၊ ကျောက်မျက်ရတနာများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ကောင်းသတင်းဖြင့်လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ပါသည်။ ထို့အပြင် လူမှုကွန်ရက်စာမျက်နှာတွင် **"Win Htet Jade & Jewellery"** အမည်ဖြင့် နိုင်ငံကျော် အနုပညာရှင်များ ဖိတ်ခေါ်၍ စိန်၊ ရွှေ၊ ကျောက်မျက်ရတနာများအား **"Live Sale"** ထုတ်လွှင့်တင်ဆက်ရောင်းချလျက်ရှိပါသည်။ ထိုကဲ့သို့ ရောင်းချလျက်ရှိသည်ကို အများပြည်သူများမှ နှစ်သက်သဘောကျ၍ ဝယ်ယူမှုများပြားလျက်ရှိသည်ကို မသမာသူလူတစ်စုမှ ၎င်းတို့၏အကျိုးစီးပွားကို ရှေ့တမ်းတင်လျက် **"Win Htet Jade Jewellery" Facebook Account, Messenger** အမည်နှင့် အမှတ်တံဆိပ် **(Logo)** တို့အား ဆင်တူယိုးမှား တုပသုံးစွဲ၍ ကျွန်ုပ်၏မိတ်ဆွေ **"Win Htet Jade & Jewellery" Facebook Page** မှ ရောင်းချသည့် ကျောက်မျက်ရတနာပစ္စည်းများ၊ စိန်ထည်များကို ၎င်းတို့၏ အကောင့်အတုများမှတစ်ဆင့် အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန်ရည်ရွယ်၍ စိန်ထည်၊ကျောက်မျက်ရတနာပစ္စည်းများအားတင်ကာ ရောင်းချပြီး ဝယ်ယူသူများ၏ငွေများကို ၎င်းတို့အသုံးပြုသော **K-pay** အကောင့်များဖြင့်လည်းကောင်း၊ **KBZ Special** အကောင့်များဖြင့်လည်းကောင်း၊ **AYA Pay** ဖြင့်လည်းကောင်း အခြားသောဘဏ်အကောင့်အသီးသီးဖြင့် ငွေများလွှဲပေးရန် အကြောင်းကြားခဲ့ကြပြီး ငွေများကို လိမ်လည်ရယူခဲ့ကြောင်း စုံစမ်းသိရှိခဲ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ အမှန်တကယ်အသုံးပြုသည့် လူမှုကွန်ရက်စာမျက်နှာ၏အမည်မှာ **"Win Htet Jade & Jewellery" Facebook Page, Messenger** တစ်ခုတည်းသာဖြစ်ပြီး ဒေါ်မီမီမော် အမည်ဖြင့် **K-pay(09-797792828), KBZ Banking (30651105701237401), YOMA Banking (008145470001527), AYA Banking (40031751182), CB Banking (2013100900005584)** တို့ကိုသာ ငွေလွှဲရမည်ဖြစ်ကြောင်း အများပြည်သူ သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ အမှန်တကယ် ဖွင့်လှစ်ရောင်းချသည့်ဆိုင်၏လိပ်စာမှာ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃)၊ ၃၅လမ်းနှင့် (၅၄)လမ်းထောင့်ရှိ **(ibis Style Hotel)** ၏ မြေညီထပ် (၅၄)လမ်းဘက် မျက်နှာမူ၍ **"Win Htet Jade & Jewellery"** အမည်ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အမှန်တကယ် **Live Sale** ရောင်းချသည့် **Page** မှာ **"Win Htet Jade & Jewellery" Facebook Page** သာဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေဆိုင်၏ ကောင်းသောဂုဏ်သတင်းနှင့် အကျိုးစီးပွားပျက်စီးစေရန် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် **"Win Htet Jade & Jewellery"** အမည်အား ဆင်တူယိုးမှားတုပ၍ ရောင်းချကာ လိမ်လည်ဆောင်ရွက်ခဲ့သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများပြည်သူသိရှိစေရန် စေတနာကောင်းဖြင့် အသိပေးကြေညာအပ်ပါသည်။

**"Win Htet Jade & Jewellery"** ရွှေ၊ ကျောက်မျက်ရတနာ အရောင်းဆိုင်လုပ်ငန်းပိုင်ရှင်ဖြစ်သူ ဒေါ်အေးထွေး (ဘ) ဦးအိုက်ထွန်း (၁၃/ကခန(နိုင်)ဝ၆၇၁၁၃)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)**

ဒေါ်ချောစုမေ၊ ဒေါ်ဆုမွန်မွန်၊ ဦးလှမျိုးဦး၊ ဦးထိုက်ထိုက်ဇော်၊ ဒေါ်နှင်းအိအိခိုင်၊ ဦးကျော်ကျော်နိုင်၊ ဒေါ်ရွှေရည်ဝင့်နိုင်၊ ဒေါ်မြတ်စုစံ၊
ဒေါ်နန်းအိအိလွင် (တရားလွှတ်တော်ရှေ့နေများ)
ဦးဟန်ထွန်းဦး၊ ဒေါ်ရွှန်းလဲ့လဲ့ရီ (အထက်တန်းရှေ့နေများ)

**"NANDAR & ASSOCIATES" Legal Services Co.,Ltd**

အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄×၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။ ဖုန်းခန်း ၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅၊
**Web: www.nandarlawfirm.com.mm, Email: lawfirmmyanmar@gmail.com**





## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာဇာလွင် (ဘ) ဦးသန်းလွင် (၉/ကဆန(နိုင်)၁၂၁၂၂၂) မှ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (တတ-၂၁/၄၅)၊ (စ)ရပ်ကွက်နေ ဒေါ်အေးအေးခိုင် (ဘ) ဦးလှမြ‌ာဒူ အား (၂၈-၁၁-၂၀၁၈)ရက်နေ့တွင် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၈၃/၂၀၁၈)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ ဒေါ်အေးအေးခိုင် အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း ဒေါ်အေးအေးခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတင်လင်းအောင်(စဥ်-၈၄၆၉)**
**တရားလွှတ်တော်ရှေ့နေ**
**ကျောက်ဆည်မြို့။ ၀၉-၂၁၅၁၂၄၈**

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| 1. | **စာရင်းကိုင် (ဘွဲ့ရ) ကျား/မ** | (4) ဦး |
| 2. | **အရောင်းစာရေးမ** | (2) ဦး |
| 3. | **မြို့တွင်း Driver** | (1) ဦး |
| 4. | **အိမ်စီးကားမောင်း Driver** | (1) ဦး |

- အမှတ်စဥ် (1) အတွက် စာရင်းနှင့်ပတ်သက်သော ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ စာရင်းနှင့်ပတ်သက်သောအတွေ့အကြုံ ရှိရမည်။
- အမှတ်စဥ်(3),(4) အတွက် အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။
- အမှတ်စဥ်အားလုံးအတွက် စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။ စိတ်ဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လိုင်စင်မိတ္တူ၊ ထောက်ခံစာမိတ္တူ၊ ဓာတ်ပုံ-(2)ပုံ တို့နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

* **မှတ်ချက်** * အိမ်နေ Driver အဖြစ်လည်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ အမှတ်(14)၊ 85 လမ်း၊ 28×29လမ်းကြား၊ မန္တလေးမြို့။ 02-4069291, 09-5069199


ဒိုဗျ... မြို့ကြီး
Hay! City
READ IT BookSTORE & PUBLISHING မှာ
မတ် ၂၁ရက်မှ ၃၁ရက်အထိ
လမ်း၃၀၊၆၆x၆၇လမ်းကြား၊မန္တလေး
ပန်းချီ၊ကဗျာလက်ရာမွန်ပြပွဲ


## ပျောက်ဆုံးကြောင်း

မတ္တရာမြို့နယ်နေ ထက်အောင်ခန့်(ဘ)ဦးအောင်မင်း (၉/မတရ(နိုင်)၁၈၃၇၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-199795) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၇၂၈၇၇၄

## မီး သတိပြု

## ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဥ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဥ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသား ညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထိခိုက်ပြုံ၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း(ငြိမ်း)၏ မိသားစုများကို သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပပြုလုပ်မည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို တစ်ဦးချင်း လိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ

**စာမျက်နှာ ၁၈ ကော်လံ ၁သို့**

လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်မှုကြောင့် အကောင်အထည်ပေါ်လာခဲ့သည့် ကျောက်တော်မြို့နယ် ဆောင်းပါး စာမျက်နှာ - ၂၄

ယနေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာတွင် (၇၉)နှစ်မြောက် တပ်မတော်နေ့အထူးထုတ် အချပ်ပို(၄)မျက်နှာပါရှိသည်။



# ရတနာပုံ

အထူးထုတ်

yadanabonnews.com

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃) ရက်၊ ဗုဒ္ဓဟူးနေ့၊ (၂၇-၃-၂၀၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက်

# တပ်မတော်နေ့

## ကို ဂုဏ်ပြုပါ၏။










တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်။